မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၅)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

သဖန်းဆိပ်ရေလှောင်တမံကြီး ရေရှည်တည်တံ့ခိုင်မြဲရေး အထူးဂရုပြုဆောင်ရွက်

တွက်ခြေကိုက်မည့် အရည်အသွေးကောင်း ဈေးကွက်ဝင်သီးနှံအမယ်များ တိုးတက်ထုတ်လုပ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိပြီး ပင်မရေပိုလွှဲ၏ CCTV ကင်မရာများ တပ်ဆင်ထားသော ကွန်ပျူတာထိန်းချုပ်ခန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က သဖန်းဆိပ်ရေလှောင်တမံအတွင်း စီးဝင်ရေဧကပေ ၇၅ သိန်းအထိ ရေဝင်ရောက်ခဲ့မှုနှင့် လက်ရှိအခြေအနေတွင် ရေလှောင်တမံအတွင်း သိုလှောင်ရေဧကပေ ၂၂ သိန်းခန့် ထိန်းသိမ်းပြီး နွေစပါးရာသီ ရေဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု၊ ရေထိန်းတံခါးအား ခေတ်မီကွန်ပျူတာဖြင့် တီထွင်ထိန်းသိမ်းမှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံအတွင်း အကြီးမားဆုံးဖြစ်သော ဤရေလှောင်တမံကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးကို အထူးဂရုပြု ဆောင်ရွက်သွားရန်၊ ရေဝေရေလဲသစ်တောများ စနစ်တကျ ထိန်းသိမ်းရန်မှာကြားပြီး ရေဝင်ရောက်မှုကို တမံအစ၊ အဆုံး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့်အတူ ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ သုတေသနပြုလုပ် ဖြန့်ဖြူးခြင်းနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ အသုံးပြုခြင်းနည်းလမ်း၊ တောင်သူလယ်သမားများ သွင်းအားစုနှင့် အရင်းအနှီးမြှုပ်နှံမှု နည်းလမ်းများကို အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူလယ်သမားများကဏ္ဍ တို့မှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုများ၊ အောင်မြင်တိုးတက်ကြီးပွားလိုသော စိတ်ဆန္ဒအပြည့်အဝဖြင့် ကိုယ်တိုင်ကိုယ်ကျ ဝီရိယအားထုတ်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပုံများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံတော်၏ ကုန်သွယ်ရေးကဏ္ဍ တိုးတက်ဆောင်ရွက်နိုင်မှု၊ အဓိကဆန်စပါးသီးနှံ တန်ချိန် ၈ သိန်းခွဲ တင်ပို့နိုင်မှု၊ တောင်သူလယ်သမားများ တွက်ခြေကိုက်မည့် ပြည်ပဈေးကွက်ရရှိရေးဆောင်ရွက်မှုများနှင့် အရည်အသွေးကောင်း ဈေးကွက်ဝင်သီးနှံအမယ်များ တိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၇ ❒

ထားဝယ်မြို့၌ KNU မြိတ်/ထားဝယ်ခရိုင်နှင့် တပ်မဟာ(၄) ဆက်ဆံရေးရုံး ဖွင့်လှစ်

ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး(KNU)၏ မြိတ်/ထားဝယ်ခရိုင်နှင့် တပ်မဟာ(၄) ဆက်ဆံရေးရုံးဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ KNU မြိတ်/ထားဝယ်ခရိုင် ဥက္ကဋ္ဌ KNU ဗဟိုအမြဲတမ်းကော်မတီဝင် ဖဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ KNU မြိတ်/ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်းနှင့် KNU တပ်မဟာ(၄) တပ်မဟာမှူး ဗိုလ်မှူးချုပ်စောဒါးကျော်လူးတို့က ဆက်ဆံရေးရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် အဖွဲ့ဝင်များသည် ဆက်ဆံရေးရုံး အထိမ်းအမှတ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဖဒိုစောကွယ်ထူးဝင်း ဦးဆောင်သော အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ မြို့တော်ခန်းမသို့ ရောက်ရှိလာရာ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စများ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဖဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်များ၊ တပ်မဟာ(၄) တပ်မဟာမှူးနှင့် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၆ ❍

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် ဧပြီ ၁၂ ရက်)

နှစ်ဟောင်းနှင့်နှစ်သစ်

မကြာမီနှစ်တစ်နှစ်သို့ကူးပြောင်းတော့မည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ဝေနေပြီ။ ရွက်သစ်တိုင်းသည် နုပျိုသည်။ လှပသည်။ လန်းဆန်းသည်။ အားရှိသည်။ အရာရာတိုင်းသည် အားသစ်မာန်သစ်တို့ဖြင့် ဝင့်ချီနေပြီ။ အဟောင်းတို့နေရာတွင် အားသစ်လောင်း၍ ကြိုးစားကြမည်။

နှစ်တစ်နှစ်သည်ကား ကုန်ပေတော့မည်။ ဤတစ်နှစ်တာအတွင်း မည်၍မည်မျှ အကျိုးရှိရှိနေထိုင်ခဲ့ပါသနည်း။ လူဆိုသည်မှာ နှစ်တစ်နှစ်ကုန်တိုင်း အသက်တစ်နှစ်ကြီးလေ့ရှိသည်။ အသက်တစ်နှစ်ကြီးတိုင်း တိုးတက်မှုသည်လည်း ရှိရမည်။ တိုးတက်မှုသည် အမျိုးမျိုးရှိ၏။ ကုသိုလ်၊ ပညာ၊ ဥစ္စာအစရှိသဖြင့်..။

အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဘဝသည်အမြဲတမ်းရှင်သန်နေရမည်။ အမြဲတမ်းလန်းဆန်းတက်ကြွနေရမည်။ ဘဝတိုးတက်ရာတိုးတက်ကြောင်း ရှာဖွေနေရမည်။ ကြိုးစားနေရမည်။ ကြိုးစားအားထုတ်မှုမရှိလျှင် အောင်မြင်မှုရရှိမည်မဟုတ်။ အောင်မြင်မှုသည် သူ့အလိုလိုဖြစ်မလာနိုင်။ ကြိုးစားမှသာ ဖြစ်နိုင်ပေလိမ့်မည်။ သို့မဟုတ်ပါမူ "ဒီလူက အသက်သာကြီးတာ၊ အချိန်ကျစီးတာမဟုတ်ဘူး၊ ထမင်းသာစားနေတာ အသိဉာဏ်ကတိုးလာတာမဟုတ်ဘူး၊ ဘာဆိုဘာမှသိတယ်ဆိုတာမရှိဘူး" စသည်ဖြင့် အများမေးငေါ့ပြောဆိုခြင်းကို ခံရတတ်သည်။

ယနေ့ ရည်ရွယ်ချက်ရှိရှိ အလုပ်လုပ်ကြသူများ ကြီးပွားတိုးတက်ကုန်ကြပြီ။ ပညာကိုအပတ်တကုတ် ကြိုးစားသူများ ထိပ်ဆုံးရောက်ကုန်ကြပြီ။ လူဆိုသည်မှာ ရည်မှန်းချက်ထားရှိရသည်။ ရည်မှန်းချက်သည် ပန်းတိုင်ဖြစ်သည်။ ပန်းတိုင်ကိုလှမ်းကိုင်ရေးသည် ကြိုးစားမှုဖြစ်သည်။ ကြိုးစားမှုဖြင့်သာ အောင်မြင်ခြင်းကို ရနိုင်ပေသည်။

လူအများစုသည် ဘာသိဘာသာနေလိုကြသည်။ အဖေရှိလျှင်ငွေရှိသည်၊ အမေရှိလျှင် ထမင်းစားရသည်၊ ကြိုးစားအားထုတ် အလုပ်လုပ်ရန်မလိုဟုဆိုသူများအနေဖြင့် ယနေ့တိုးတက်နေသည့်ခေတ်ကြီးတွင် ထိုအတွေး အခေါ်များ ခေါင်းထဲမှထုတ်ပစ်သင့်သည်။ လူတိုင်းသည် အလုပ်လုပ်ရမည့် ခေတ်ကြီးသို့ရောက်နေကြပြီဖြစ်သည်။

ဤသို့ဆိုလျှင် လူတိုင်းသည် အလုပ်လုပ်ကြရမည်။ တစ်နှစ်ကုန်ဆုံးတိုင်း တိုးတက်မှုတစ်ခု အနည်းဆုံးရှိရမည်။ နှစ်ဟောင်းက ကြိုးစားအားထုတ်မှုများကို ပြန်လည်သုံးသပ်ရမည်။ အားနည်းချက်များကို ပြန်လည်ပြုပြင်ဖြည့်ဆည်းရမည်။ လာမည့်တစ်နှစ်တာအတွင်း မည်မျှအောင်မြင်အောင် ကြိုးစားမည်ဆိုသည့် ရည်မှန်းချက်များ အပြည့်အဝထားရှိရန်ကြိုးစားရမည်။

သို့ဖြစ်၍ ကြီးပွားတိုးတက်လိုသူတိုင်းသည် ပေါ့ပေါ့တန်တန်နေ၍မဖြစ်။ ကြိုးစားမှုဖြင့် အောင်မြင်မှုကို ရှာရမည်။ နှစ်ဟောင်းသည် ကုန်လွန်သည့်အခါ ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ဝေမည်။ တစ်နှစ်ကုန်တိုင်း တိုးတက်မှုအသစ်တစ်ခုတိုးရမည်။ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံလှသည့် နှစ်သစ်ကူးအခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီးသကာလ ဘဝတိုးတက်အောင်မြင်မှုများ ဆက်လက်ရရှိစေရန် အသိပေးတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိကျောင်းတော်အထွတ်သို့ ရတနာရွှေထီးတော် တင်လှူပူဇော်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၁

ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိကျောင်းတော်အထွတ်သို့ ရတနာရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၈ နာရီ ၃၇ မိနစ်တွင် မဟာမုနိရင်ပြင်တော် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး ဒေါ်နုနုဇံတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ အလှူဒါယကာ၊ ဒါယိကာမများက ရှေးဟောင်းသမိုင်းဝင် မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိကျောင်းတော်အထွတ်သို့ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်များကို ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြပြီး အလိုတော်ပြည့်ဆရာတော်နှင့် အလှူဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ဂန္ဓကုဋိကျောင်းတော်ကို လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်၍ ဂန္ဓကုဋိကျောင်းတော်အထွတ်သို့ မင်္ဂလာရထားပံ့ဖြင့် တင်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုလဲသွယ်စပ်မျိုးစပါး ပျိုးထောင်စိုက်ပျိုးနည်း မော်လမြိုင်ကျွန်းမြို့နယ်၌ သရုပ်ပြ

မော်လမြိုင်ကျွန်း ဧပြီ ၁၁

မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ တောင်သူဦးအေးနိုင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်စပ်မျိုးစပါးကို မြို့နယ်အတွင်းရှိ တောင်သူများက ကွင်းဆင်းလေ့လာနည်းစနစ်ရယူပွဲကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ဂျုံးဂျုံးကျကျေးရွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေးစံပြကွက်၌ ကျင်းပသည်။

ပုလဲသွယ်စပ်မျိုးစပါးအား တောင်သူများ လေ့လာပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ငွေးနှင့် ဝန်ထမ်းများက ကြီးကြပ်စီစဉ်ပေးပြီး မြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ ကျေးရွာခွဲ ၂၇ ရွာမှ လေ့လာရေး တောင်သူများက ပုလဲသွယ်စပ်မျိုးစပါးခင်းမှ စပါးနှံများ စုံညီစွာ ထွက်နေမှုအပေါ် ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး၊ ဒုတိယဦးစီးမှူး ဒေါ်သိန်းဝင်းနှင့် ဒေါ်မို့မို့သန်း၊ လက်ထောက်ဦးစီးမှူး ဦးမြင့်စိန်တို့က ပုလဲသွယ်စပ်မျိုးစပါးပျိုးထောင်နည်း၊ စိုက်ပျိုးနည်း၊ ထိန်းသိမ်းစောင့်ရှောက်နည်းနှင့် စိုက်နည်းစနစ်များကို သိပ္ပံနည်းကျစိုက်စနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးကြရန်လေ့လာရေး တောင်သူများအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။ **(ဝဇ၅)**

မိုးမောက်မြို့နယ် မြို့ဟောင်းကျေးရွာ၌ စာပန်းချီစာကြည့်တိုက်ဖွင့်

မိုးမောက် ဧပြီ ၁၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြို့ဟောင်းကျေးရွာ ပြည်သူများ ပညာဗဟုသုတရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးလက်ပြည်သူထည့်ဝင်ငွေကျပ် ၂၁၉၄၄၀၀ဖြင့် တည်ဆောက်ခဲ့သော စာပန်းချီစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ မီဒီယာပစ္စည်းနှင့် ငွေပဒေသာပင်လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လွှမ်းနန်းထွေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်းနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက စာအုပ်စာစောင်နှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီးနောက် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစံဟောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လွှမ်းနန်းထွေး၊ မင်းကျမ်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမောင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစံဟောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါစာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လစာအပေါ် ဝင်ငွေခွန်ထမ်းဆောင်ခြင်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးကျင်းပသည့် လစာအပေါ် ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီက အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ ငွေစာရင်းအရာရှိများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လစာအပေါ် ဝင်ငွေခွန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်တွက်ချက်ပုံနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူပြာက ရှင်းလင်းတင်ပြဆွေးနွေးပြီးနောက် တက်ရောက်လာသော ပုဂ္ဂိုလ်များက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြရာ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)ရုံးခန်းဖွင့်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်(၃)ရပ်ကွက်ပတ္တမြားလမ်းအမှတ်(၁၄၀) 2A (ပထမထပ်)တွင် ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)ရုံးခန်း ဖွင့်လှစ်နိုင်ရန်အတွက် သိန်း ၁၈၀ တန်ဖိုးရှိအခန်းကို ဗိုလ်မှူးကြီးတင်ရွှန်(ငြိမ်း)- ဒေါ်အေးမွန်ရွှန် မိသားစုက ပေးအပ်လှူဒါန်းခြင်းအခမ်းအနားနှင့် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးခန်းနေရာ၌ ကျင်းပခဲ့ကြောင်းသိရှိရသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၁၁

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်အင်အား ၁၆၀ သည် မတ် ၂၅ ရက်က ကျိုက်ထိုမြို့နယ်သို့ ရောက်ရှိပြီး ကင်မွန်းစခန်းဓမ္မာရုံ၌ ကျိုက်ထိုမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များ လှူဒါန်းခဲ့သည်။ ထို့နောက် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်ကြည်ညို၍ ညပိုင်းတွင် ဆီမီးနံ့သာ ၃၆၀၀ နှင့် ရွှေသက်န်းများ ကပ်လှူပူဇော်လှူဒါန်းခြင်း၊ ကျိုက်ထိုမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အမှတ်တရအလံများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မတ် ၂၆ ရက်က မော်လမြိုင်မြို့နယ် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ဓမ္မာရုံသို့ ရောက်ရှိပြီး မော်လမြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များလှူဒါန်းခြင်း၊ မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အမှတ်တရအလံများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ညပိုင်းတွင် ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဆီမီးနံ့သာ ၂၇၀၀ ထွန်းညှိပူဇော်ပြီး ရွှေသက်န်းများ ကပ်လှူခဲ့ကြသည်။

ဆက်လက်၍ မတ် ၂၇ ရက်က ကျိုက္ခမီရေလယ်ဘုရားသို့ ရောက်ရှိပြီး ညပိုင်းတွင် ဆီမီးနံ့သာ ၂၇၀၀ ထွန်းညှိပူဇော်ပြီး ရွှေသက်န်းများ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ဝတ်မှုန်ကူးမှု ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၁

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၁၀ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူကျေးရွာ၌ကျင်းပသည့် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး မျိုးစေ့ထုတ်ဝတ်မှုန်ကူးပွဲတော်သို့ တက်ရောက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးမြင့်သိန်းက ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး ဝတ်မှုန်ကူးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး ဝတ်မှုန်ကူးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူကျေးရွာ၌ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ်ဝတ်မှုန်ကူးယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၄) ကျောင်းဆင်းအရာရှိများက ကျောင်းဆင်းသက်(၁၀)နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ပြင်ဦးလွင်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၇၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းကို အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၇၀၀)ဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၁၁

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဧပြီ ၁၀ရက် နံနက် ၁၀နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၇၀တို့ တက်ရောက်ကြသည်။

ဆုံးဖြတ်

အစည်းအဝေးတွင် ပထမနေ့ အစည်းအဝေး၌ ပြောကြားခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ အဖွင့်အမှာစကားနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အမှာစကားတို့ကို မှတ်တမ်းတင်ကြောင်းကြေညာခြင်း၊ မေးခွန်း(၁၅) ခုကိုဖြေကြားခြင်း၊ ၂၀၁၂ ခုနှစ် ရောဝတီတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ရောဝတီတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေကြမ်းနှင့်ရဲအရေးပိုင်မှုတွင် ရုတ်တရက်ထိခိုက်ဒဏ်ရာရကြသူအား အရေးပေါ်ဆောင်ရွက်ပေးကြရာ၌ တရားစွဲအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းအဆိုတို့ကို ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ ရောဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ ပြည်သူ့ကိုယ်စား လွှတ်တော်သို့တင်ပြမေးမြန်းသည့်မေးခွန်းအား တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းသိမ်းခြင်းမရှိဘဲ ဌာနဆိုင်ရာတာဝန်ရှိသူများက လွှတ်တော်ကိုယ်စားလှယ်ထံ အဖွဲ့ဖြင့်လာရောက်၍ အတင်းအကြပ်စစ်ဆေး ထွက်ဆိုချက်များ ရယူခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူပေးပါရန် စွပ်စွဲပြစ်တင်သည့် အဆိုအပေါ် ဖွဲ့စည်းပေးခဲ့သော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူသဖြင့် ဥပဒေနှင့်အညီ တရားစွဲဆိုသွားရန်နှင့် လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာ ပေးပို့သွားရန် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းက ပထမအကြိမ် ရောဝတီတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေး ညနေ ၄ နာရီခွဲတွင် ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်-

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအားပူဇော်

သီပေါ ဧပြီ ၁၁

နိုင်ငံတော် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက်က သီပေါမြို့နယ် နမ့်လန်မြို့လယ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံတော်မူခဲ့ရသော ဘော်ကြိုဘုရားကြီးကျောင်းတိုက် ဆရာတော်နှင့် သဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ရ နမ့်လန်မြို့နယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသတို့အား ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ဂုဏ်ပြုပူဇော်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နားလည်မှုစာချွန်လွှာပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဧပြီ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် UN- Habitat တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာပါ စီမံကိန်းလုပ်ငန်း(၅)ခုနှင့်စပ်လျဉ်း၍ ခြောက်လတာကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဆွေးနွေးညှိနှိုင်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်စိန်နှင့်တာဝန်ရှိသူများ၊ UN- Habitat မှ Mr. Srinivasa Popur ဦးဆောင်သော အဖွဲ့ဝင်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဇေယျာမွန်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဇေယျာမွန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ရေရှည်တည်တံ့ တိုးတက်ရေးဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် စာရေးဆရာ မောင်ပေါ်ထွန်းက စာပေရေးရာများ ဟောပြောသည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်အထိမ်းအမှတ်အလံများကို တာဝန်ရှိသူအား ပေးအပ်ခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် စာအုပ်အလှူရှင်များက စာအုပ်များပေးအပ် လှူဒါန်းခြင်းများ ဆောင်ရွက်သည်။ ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၀၂၃)**

ပေးအပ်လှူဒါန်း

စစ်တက္ကသိုလ်အမှတ်စဉ် (၃၉)မှ အရာရှိများက ဗိုလ်လောင်းသင်တန်းဆင်း (၁၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် သုံးသိန်းကိုးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖလင်ပါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ထိုင်းနှစ်သစ်ကူးဆွန်ခရန်ရေသဘင်ပွဲတော်အတွင်း ယာဉ်မောင်းများအရက်မသောက်ရဟု သတိပေး

ဗန်ကောက် ဧပြီ ၁၁

ထိုင်းနိုင်ငံတစ်ဝန်းတွင် မကြာမီ ကျရောက်တော့မည့် ဆွန်ခရန်ရေသဘင်ပွဲတော်ရက်များအတွင်း ယာဉ်အန္တရာယ်မဖြစ်ပွားစေရန်အတွက် ထိုင်းအမျိုးသမီးယာဉ်ထိန်းရဲမေများက ယာဉ်မောင်းများ ယာဉ်စည်းကမ်းလိုက်နာစေရေးအတွက် သတိပေးဗီဒီယိုပြကွက်များဖြင့် ပြသနှိုးဆော်လျက်ရှိကြောင်း ဧပြီ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

သတိပေးလျက်ရှိ

ထိုင်းဘာသာစကားဖြင့် ဆွန်ခရန်ကတ်မိုင်ဒမ်ဟု ခေါင်းစဉ်ပေးထားသည့် ဆွန်ခရန်ရေသဘင်ပွဲတော်ရက်အတွင်း အရက်သောက်ပြီး ယာဉ်မမောင်းရဟူသော ဗီဒီယိုပြကွက်များကို ရုပ်မြင်သံကြားလိုင်းများက ပြသကာ သတိပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုင်းနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်ဖြစ်သော ဆွန်ခရန်ရေသဘင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ နိုင်ငံတစ်ဝန်းကျင်းပဆင်နွှဲကြမည်ဖြစ်သည်။ အဆိုပါပွဲတော်ရက်များအတွင်း ထိုင်းပြည်သူများနှင့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများက ရေပက်နည်းမျိုးစုံဖြင့် ရေကစားကြမည်ဖြစ်သည်။

ထို့ကြောင့် ရေသဘင်ပွဲတော်အတွင်း အရက်သောက်စားမူးယစ်ပြီး မော်တော်ယာဉ်မမောင်းကြရန်နှင့် အရှိန်ပြင်းစွာမောင်းနှင်ခြင်းမပြုရန် သတိပေးသည့်အနေဖြင့် ယာဉ်ထိန်းရဲမေများက သတိပေးဗီဒီယိုပြကွက်များဖြင့် ပြည်သူတို့အား ပြသပေးလျက်ရှိသည်။ အရက်မူးယစ်ပြီးယာဉ်မောင်းပါက ပြင်းထန်သည့် ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်သည်။ဆွန်ခရန်ရေသဘင်ပွဲတော်သည် နှစ်စဉ် ယာဉ်မတော်တဆမှုကြောင့် လူအများအပြား သေဆုံးရသည့် ပွဲတော်တစ်ခုဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စက်ရုံ ဆော်ဒီအာရေဗျ၌ တည်ဆောက်

ဗီယင်နာ ဧပြီ ၁၁

ဆော်ဒီအာရေဗျနိုင်ငံ၌ ကမ္ဘာပေါ်တွင်အကြီးမားဆုံး နေစွမ်းအင်စက်ရုံကြီးတစ်ရုံ **(ဝဲပုံ)**ကို ဩစတြီးယားကုမ္ပဏီများက စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဩစတြီးယားသတင်းဌာန အေပီအေက ဧပြီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ နေစွမ်းအင်စက်ရုံကို ဆော်ဒီအာရေဗျနိုင်ငံ ရီယတ်မြို့တွင် လွန်ခဲ့သည့်ခြောက်လခန့်က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ယခုအခါ စတင်တည်ဆောက်နေပြီဖြစ်သည်။ ၎င်းစက်ရုံဒီဇိုင်းကို ဩစတြီးယားနိုင်ငံမှ အီးအင်တက်နှင့် ဂရင်းနန်းတက်ကုမ္ပဏီတို့မှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်းစက်ရုံတည်ဆောက်မှုနှင့် ဒီဇိုင်းထုတ်လုပ်မှုတို့အတွက် ဆော်ဒီအာရေဗျနိုင်ငံက အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ သန်းခန့် ကုန်ကျမည်ဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် အထူးထုတ်လုပ်ထားသော ဆိုလာပြားများနှင့် သဲမုန်တိုင်းဒဏ်မှကာကွယ်ပေးမည့်နည်းစနစ်နှင့် ကိရိယာများကို တပ်ဆင်ပေးမည်ဖြစ်သည်။

ယင်းစက်ရုံကြီးတွင် ပတ်လည်စတုရန်းမီတာ ၃၆၀၀၀ အကျယ်အဝန်းအတွင်း ဆိုလာပြားများ အပြည့်တပ်ဆင်ထားမည်ဖြစ်သည်။ ၎င်းဆိုလာပြားမှ နေစွမ်းအင်သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယတ်မြို့ရှိ အဘဒူလ်ရာမင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၄၀၀၀၀ကျော်နှင့် ပါမောက္ခများအတွက် ဓာတ်အားအလုံအလောက် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ မူလတန်းကျောင်း၌ အစာအဆိပ်သင့်မှုဖြစ်ပွား

ကူမင်း ဧပြီ ၁၁

တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနောက်တောင်ပိုင်းရှိ ကျေးလက်မူလတန်းကျောင်းတစ်ကျောင်းတွင် ဧပြီ ၁၁ ရက် နံနက်က အစာအဆိပ်သင့်မှုဖြစ်ပွားရာ ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့ ဆေးရုံသို့တင်ပို့လိုက်ရကြောင်း သတင်းထုတ်ပြန်သည်။ အဆိုပါ စာသင်ကျောင်းမှာ ဒန်လာစီရင်စုအတွင်းရှိ မူလတန်းကျောင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၃၃ ဦး ကျောင်းတက်နေသော စာသင်ကျောင်းဖြစ်သည်။ကျောင်းသားလေးများသည် နေ့လယ်စာစားပြီးနောက် ဗိုက်နာခြင်း၊ မူးဝေအော့အန်ခြင်းတို့ဖြစ်ပွားခဲ့သဖြင့် ဆေးရုံသို့တင်ပို့ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)** ၎င်းစာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူအားလုံးကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး ၄၂ ဦးအား ဆေးရုံ၌ ကြပ်မတ်ကုသလျက်ရှိသည်။ အဆိုပါကျောင်းမှ ကျွေးသော နေ့လယ်စာကို စစ်ဆေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

နိုင်ဂျာနိုင်ငံတွင် ရဟတ်ယာဉ်ပျက်ကျ တရုတ်ရေနံအလုပ်သမား လေးဦးသေဆုံး

အာဘီဒါဂျန် ဧပြီ ၁၁

နိုင်ဂျာနိုင်ငံမြောက်ပိုင်း သဲကန္တာရအတွင်း၌ ရဟတ်ယာဉ် ပျက်ကျမှုဖြစ်ပွားခဲ့ရာ အပျက်အစီးများကြား စီးနင်းလိုက်ပါသွားသူ လူခြောက်ဦးစလုံး၏ အလောင်းများ ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း နိုင်ဂျာနိုင်ငံရှိ တရုတ်နိုင်ငံ သံရုံးက ဧပြီ ၁၀ ရက်တွင် အတည်ပြုခဲ့သည်။

သေဆုံးသူများမှာ တရုတ်နိုင်ငံသား ရေနံအလုပ်သမားလေးဦးနှင့် ရဟတ်ယာဉ်အမှုထမ်း ပြင်သစ်နိုင်ငံသား နှစ်ဦးတို့ဖြစ်ကြောင်း၊ ရဟတ်ယာဉ်မှာ ပျံတက်ပြီးနောက် မကြာမီ အဆက်အသွယ်ပြတ်ကာ ပျောက်ခဲ့ကြောင်း၊ ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရာမှ သဲကန္တာရအတွင်း ပျက်ကျသည်ကို သတင်းရရှိခဲ့ကြောင်း တရုတ်နိုင်ငံသံရုံးက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ရေနံကုမ္ပဏီကြီး CNPC မှ ၎င်းအလုပ်သမားလေးဦးသည် အက်ဂါဒမ်တွင်ရှိသော ကုမ္ပဏီအခြေစိုက်ဌာနချုပ်မှ ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်စင်းလုံးငှားကာ ၎င်းတို့၏ လုပ်ငန်းခွင်ရှိရာသို့ ထွက်ခွာသွားကြခြင်းဖြစ်သည်။

ရဟတ်ယာဉ်ပျက်ကျသည့် သတင်းကြားကြားချင်း တရုတ်သံရုံးက နိုင်ဂျာအစိုးရနှင့်စစ်တပ်ထံသို့ ဆက်သွယ်ပြီး အကူအညီ တောင်းခဲ့ကြောင်း၊ ရဟတ်ယာဉ်အမှုထမ်းနှစ်ဦးမှာ ပြင်သစ်လူမျိုးများဖြစ်သည်ဟု သိရသဖြင့် ပြင်သစ်သံရုံးသို့ပါ ဆက်သွယ်သတင်းပို့ခဲ့ကြောင်း နိုင်ဂျာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ကျန်ဟောင်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ရဟတ်ယာဉ်ပျောက်ဆုံးပျက်ကျသည်မှာ ကန္တာရအတွင်းပိုင်းဖြစ်နေသဖြင့် ရှာဖွေရေးများ ခက်ခဲကြောင်း၊ များစွာလုံ့လစိုက်ကြိုးပမ်းခဲ့ကြရကြောင်း၊ သဲကန္တာရအတွင်း နိုင်ဂျာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပိုက်စိပ်တိုက်ရှာဖွေမှုကြောင့် နောက်ဆုံး၌ ရဟတ်ယာဉ်ပျက်ကိုတွေ့ရှိခဲ့ကြောင်း တရုတ်သံအမတ်ကျန်ဟောင်းက ပြောကြားခဲ့သည်။ **(အင်တာနက်)**

အီရတ်လူ့အခွင့်အရေးကော်မရှင် ပါလီမန်ကအတည်ပြု

ဘဂ္ဂဒက် ဧပြီ ၁၁

အီရတ်နိုင်ငံသမိုင်းတွင် ပထမဆုံးသော လွတ်လပ်သည့် လူ့အခွင့်အရေး ကော်မရှင်ကို အီရတ်ပါလီမန်အမတ်များက အတည်ပြုလိုက်သည်။ **(ဝဲပုံ)**

၎င်းကော်မရှင်၏ အဓိကအခန်းကဏ္ဍမှာ နယ်ပယ်အားလုံးနှင့်တကွ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးချိုးဖောက်မှုအားလုံးကို စောင့်ကြည့်ရန်ဖြစ်ကြောင်း၊ အီရတ်အမတ် အက်ရှဝပ်အယ်ဂျက်က ဧပြီ ၁၁ ရက်တွင် ပြောကြားသည်။

ပြောကြား

လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်ကို ပါလီမန်က ဧပြီ ၁၀ ရက်တွင် အတည်ပြုလိုက်သည်။ လူ့အခွင့်အရေးချိုးဖောက်ခံရလျှင် မည်သည့်နိုင်ငံသားမဆို ၎င်းလူ့အခွင့်အရေးကော်မရှင်သို့ တိုက်ရိုက်တိုင်ကြားနိုင်အောင် အီရတ်အမတ် အက်ရှဝပ်အယ်ဂျက်က ပြောကြားသည်။ **(အင်တာနက်)**

ညစစ်ဆင်ရေးအတွင်း စီးနင်းဝင်ရောက်မှုများ အာဖဂန်နစ္စတန် အထူးတပ်ဖွဲ့ဦးဆောင်မည်

ကဘူးလ် ဧပြီ ၁၁

အာဖဂန်နစ္စတန်နိုင်ငံအတွင်း နိုင်ငံခြားတပ်ဖွဲ့ဝင်များ၏ ညပိုင်းဝင်ရောက်စီးနင်းမှုနှင့်စပ်လျဉ်း၍ အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့ သဘောတူညီမှုရရှိသဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ပိုမိုခိုင်မာစေကြောင်း အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ချီးကျူးပြောကြားလိုက်သည်။

ဧပြီ ၈ ရက်က လက်မှတ်ရေးထိုးသည့် ထိုသဘောတူညီချက်က ညပိုင်းစစ်ဆင်ရေးများတွင် နေအိမ်နှင့်ပုဂ္ဂလိကခြံဝင်းများအတွင်း ဝင်ရောက်ရှာဖွေရာ၌ အာဖဂန်အထူးစစ်ဆင်ရေးတပ်ဖွဲ့က ဦးဆောင်ပါဝင်ရန် တာဝန်ပေးလိုက်သည်။

၎င်းသဘောတူညီချက်အရ နိုင်ငံခြားတပ်ဖွဲ့ဝင်များသည် လူနေအိမ်များအတွင်း မဝင်ရတော့ဘဲ အာဖဂန်နစ္စတန်အထူးတပ်ဖွဲ့ဝင်များ တာဝန်ယူမည်ဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အန္တရာယ်မပြုသည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများလည်းရှိတော့မည်မဟုတ်ကြောင်း သမ္မတကာဇိုင်းက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယသမုဒ္ဒရာအတွင်း စိန့်မေရီကျွန်း၌ကယ်ဆယ်ရေးဌာနဖွင့်လှစ်မည်

အင်တာနာနာရီဗို ဧပြီ ၁၁

အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်း စိန့်မေရီနှင့် အိုင်ဗွန်ဂိုကျွန်းတို့အကြား ရေကြောင်းခရီးဖြတ်သန်းမောင်းနှင်နေကြသည့် ကုန်တင်သင်္ဘောများနှင့် ခရီးသည်တင်သင်္ဘောများ ဘေးအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့ရပါက အရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် စိန့်မေရီကျွန်းပေါ်တွင် ကယ်ဆယ်ရေးဌာနတစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း ဧပြီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ဆုံးဖြတ်

အဆိုပါရေကြောင်းခရီးလမ်းတွင် ပြီးခဲ့သည့်နှစ်များက မတော်တဆမှုနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် သင်္ဘောနှင့်ရေယာဉ်များ တိမ်းမှောက်နစ်မြုပ်မှုများ ဖြစ်ပွားခဲ့သဖြင့် ကယ်ဆယ်ရေးဌာနဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းကယ်ဆယ်ရေးဌာနတွင် ဆက်သွယ်ရေးစနစ်နှင့် ခေတ်မီကိရိယာများ ပြည့်စုံစွာတပ်ဆင်ထားမည်ဖြစ်ပြီး ရာသီဥတုဆိုးရွားမှုအခြေအနေ၊ ဘေးအန္တရာယ်ကြုံတွေ့ရမှု အနေအထားများကို သတင်းထုတ်ပြန်ပေးမှုနှင့် လက်ခံမှုများပြုလုပ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

၎င်းရေကြောင်းခရီးတွင် ၂၀၀၆ ခုနှစ် ဩဂုတ်လက ရေယာဉ်နစ်မြုပ်မှု၊ ၂၀၀၁ ခုနှစ်က သင်္ဘောနစ်မြုပ်မှုများအပြင် သင်္ဘောမတော်တဆဖြစ်ရပ်များကြောင့် ၇၅ ဦးခန့်သေဆုံးပြီး သင်္ဘောနှင့်ရေယာဉ်များ နစ်မြုပ်ဆုံးရှုံးခဲ့ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

ကမ္ဘာကြီး၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ကို ခြိမ်းခြောက်နေသည့် စားနပ်ရိက္ခာအကျပ်အတည်း

သတင်းမှတ်စု - တိုး

ကမ္ဘာ့တိုက်ကြီးခြောက်တိုက်အနက် ဖွံ့ဖြိုးမှုအနည်းဆုံးတိုက်ကိုပြပါဆိုလျှင် အာဖရိကတိုက်ကို လက်ညှိုးထိုးပြရမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုနောက်ကျနေသည့်အတွက် သဘာဝဘေး၊ ရောဂါဘေးဆိုး ကပ်ဆိုးမှန်သမျှ လိုမ့်ပိတ်အခံရဆုံးတိုက်မှာ အာဖရိကတိုက်ပင်ဖြစ်ချေသည်။

ယခုလည်း မိုးခေါင်ရေရှားမှုဒဏ်ကြောင့် သီးနှံအထွက်ကျဆင်းကာ စားနပ်ရိက္ခာအကျပ်အတည်းနှင့် ကြုံရပြန်ပြီ။ သတ္တဝါမှန်သမျှ အစာမူလ (သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ) ဟူသောအဆိုနှင့်အညီ ရိက္ခာပြဿနာသည်မည်မျှအရေးကြီးကြောင်း အကျယ်ချဲ့ပြောစရာပင်မလိုတော့ပေ။

မိုးခေါင်ရေရှားသဖြင့် အာဖရိကတိုက်မှ မော်ရီတေးနီးယားနိုင်ငံ၏ ရိက္ခာအကျပ်အတည်းမှာ ယခုနှစ်တွင် လွန်ခဲ့သည့်နှစ်နှစ်ကထက် သုံးဆပိုဆိုးနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က သတိပေးထားသည်။

ခံစားခဲ့ကြရ

မော်ရီတေးနီးယား ပြည်သူ ၇၀၀၀၀၀ ခန့် စားစရာလုံလုံလောက်လောက်မရှိကြောင်း၊ အဆင်းရဲဆုံးမိသားစုများအား ထောက်ပံ့ရန်၊ လူသားချင်း စာနာထောက်ထားရေး အကူအညီအကျပ်အတည်းမဖြစ်စေရန် အရေးပေါ် စီမံဆောင်ရွက်ပေးဖို့လိုကြောင်း ကြေညာထားသည်။ နိုင်ငံတကာ အသိုက်အဝန်း၏ကူညီမှုဖြင့် ယခုနှစ် ဇန်နဝါရီလမှစ၍ မော်ရီတေးနီးယားနိုင်ငံ၌ ယူရိုငွေ ၁၁၂ သန်း စီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိကြောင်းသိရသည်။တကယ်တော့ ဤနိုင်ငံတစ်နိုင်ငံတည်းသာမဟုတ် ဆီနီဂေါနိုင်ငံမှသည် အီရီထရီးယားနိုင်ငံအထိ ကျယ်ပြောသော အာဖရိကတိုက်၏ ဆာဟဲရပ်ဝန်းတစ်ခုလုံးမှာ မိုးခေါင်ရေရှားမှုနှင့် အငတ်ဘေးပြဿနာကြုံလျှင် အထူးပင်ထိခိုက်သည့် ဒေသဖြစ်သည်။ ဒေသတွင်း ၂၀၁၀ ခုနှစ်က ရိက္ခာအကျပ်အတည်းကြုံစဉ် ပြည်သူ ၁၀ သန်း ခံစားခဲ့ကြရသည်။

မိုးခေါင်သည့်အတွက် ၂၀၁၂ ခုနှစ်တွင် ဆာဟဲရပ်ဝန်း၌ စားနပ်ရိက္ခာ မလုံမလောက်ဖြစ်နိုင်ကြောင်း နိုင်ငံတကာအစိုးရအဖွဲ့မဟုတ်သည့် အင်န်ဂျီအိုများက နှိုးဆော်ထားသည်။ ဤဒေသတွင် ကလေးငယ်တစ်သန်းကျော်တို့ အာဟာရချို့တဲ့မှုနှင့်အကြီးအကျယ်ရင်ဆိုင်ရဖွယ်ရှိနေသည်။ ရိက္ခာပြဿနာကြုံခိုက် စားနပ်ရိက္ခာများ ဈေးနှုန်းမြင့်တက်ခြင်းသည်လည်း တစ်ပူပေါ်နှစ်ပူဆင့်မည့် ပြဿနာဖြစ်သည်။

ကမ္ဘာ့ဘဏ်က ကမ္ဘာလုံးဆိုင်ရာ ရိက္ခာအကျပ်အတည်း တုံ့ပြန်ဖြေရှင်းရေး အစီအစဉ်(ဂျီအက်ဖ်အာရ်ပီ)မှ တစ်ဆင့် စားနပ်ရိက္ခာ လိုအပ်နေသူများအား ထောက်ပံ့လျက်ရှိသည်။ ၂၀၁၂ခုနှစ်ဆန်းပိုင်းမှစ၍ ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံသုံးစွဲလျက် ထောက်ပံ့ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံပေါင်း ၄၇ နိုင်ငံမှ ပြည်သူသန်း ၄၀ တို့ ရရှိခံစားလျက်ရှိသည်။ အများစုမှာ အာဖရိကတိုက်မှ ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းဒဏ်ကို အာဖရိကက အဓိကခံစားရသည်မှာ ထင်ရှားသည်။

အကျပ်တွေ့ရသည့် အကြောင်းအရင်းကို ပြန်လည်ကြည့်လျှင် ကမ္ဘာ့အပေါ်ယံမြေဆီလွှာခန်းခြောက်မှုသည် အဝီစိရေ ပိုလျှံစွာထုတ်ယူသုံးစွဲမှု၊ ဂျုံကို အီသနောအဖြစ် လောင်စာဆီပြုပြင်သုံးစွဲလာမှု၊ ရေနံဈေးနှုန်းမြင့်မားမှု၊ ဂျုံဈေး၊ ပြောင်းဈေး၊ ပဲဈေး၊ လိမ္မော်ရည်ဈေးတို့မြင့်တက်မှုနှင့်တကွ ကမ္ဘာ့လူဦးရေ သန်း ၆၀၀၀ ကျော်အနက် သန်း ၃၀၀၀ ခန့်၏ ဝင်ငွေမှာ ဆင်းရဲမွဲတေမှုအဆင့်ရောက်ရှိနေမှုတို့ တွေ့နိုင်သည်။

လျှော့ချရမည်

လက်ရှိ ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းကြောင့် ၂၀၁၅ ခုနှစ်အရောက်တွင် ဆင်းရဲမွဲတေမှုထက်ဝက် လျှော့ချရမည်ဟူသော ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ကို ခြိမ်းခြောက်လျက်ရှိပြီး အောင်မြင်ရန် ရတက်မအေးဖြစ်နေရပါကြောင်း။ ။

အာဖရိကတိုက် မော်ရီတေးနီးယားနိုင်ငံတွင် စားနပ်ရိက္ခာပြတ်လပ်မှုကြောင့် အငတ်ဘေးနှင့် ကြုံတွေ့နေရသည့် ပြည်သူများအား စားနပ်ရိက္ခာများ ဤသို့ဝေငှပေးနေရသည်။

နိုင်ငံတကာသတင်းမြင်ကွင်း

တောင်ကိုရီးယားခရီးသည်တင်လေယာဉ် ဗုံးလှန့်သတင်းကြောင့် လမ်းကြောင်းပြောင်းကာ အရေးပေါ်ဆင်းသက်

ဆိုးလ် ဧပြီ ၁၁

တောင်ကိုရီးယားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဗုံးခြိမ်းခြောက်မှုသတင်း လက်ခံရရှိပြီး ဗန်ကော့ဗားကျွန်း ကနေဒါစစ်တပ် အခြေစိုက်စခန်းသို့ လမ်းကြောင်းပြောင်းကာ အရေးပေါ် ဆင်းသက်ခဲ့ရသည်။ **(အပေါ်ပုံ)**

ဗန်ကော့ဗားကျွန်းမှ ဆိုးလ်မြို့သို့ခရီးသည်တင် ဘိုးရင်း-၇၇၇ လေယာဉ် ပျံသန်းနေစဉ်အချိန်တွင် အဆိုပါလေကြောင်းလိုင်း၏ လော့စ်အိန်ဂျလိစ် ဆက်သွယ်ရေးစင်တာတွင် ဗုံးလှန့်သတင်း ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ပျံသန်းလျက်ရှိသော ဘိုးရင်း-၇၇၇ လေယာဉ်ကြီးပေါ်၌ ဗုံးထောင်ထားသည်ဟု သတင်းရရှိခြင်းဖြစ်ပြီး လေယာဉ်သို့ဆက်သွယ်အကြောင်းကြားခဲ့ကာ လမ်းကြောင်းပြောင်း ဆင်းသက်စေခဲ့ခြင်းဖြစ်သည်။

ဗုံးလှန့်သတင်းမှာ လိမ်လည်ခြိမ်းခြောက်မှုသာဖြစ်သည်ဟုပြောကြားရန် စောလွန်းသေးကြောင်း ကိုရီးယားလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းဌာနသို့ပြောကြားခဲ့သည်။

စီးနင်းလိုက်ပါခဲ့သည့် ခရီးသည် ၁၄၉ ဦးစလုံး စစ်စခန်းအတွင်း၌ ဘေးမသီရန်မခရှိနေကြောင်း၊ ကနေဒါလုံခြုံရေးတပ်ဖွဲ့ဝင်များ လေယာဉ်ပေါ်၌ ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိပြီး ယခုခြောက်လှန့်မှုအားလုံး ဖော်ထုတ်နိုင်ရေး စုံစမ်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ထို့အပြင် ဧပြီ ၃ ရက် နေ့လယ်ပိုင်းကလည်း ဗန်ကော့ဗားကျွန်းမှပျံသန်းမည့် ကိုရီးယားလေကြောင်းလိုင်းမှ အခြားလေယာဉ်တစ်စင်းတွင် အလားတူဗုံးလှန့် သတင်းရရှိသဖြင့် ရှာဖွေရှင်းလင်းမှုများ ပြုလုပ်ခဲ့ရပြီး လုံခြုံရေးဘေးကင်းစိတ်ချရပြီဆိုမှ ပျံသန်းခဲ့ရသဖြင့် အချိန် နှစ်နာရီကြာမျှကြန့်ကြာနှောင့်နှေးမှုဖြစ်ခဲ့ရကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

တာလီဘန်ဆန့်ကျင်ရေးခေါင်းဆောင် သေနတ်သမားများက ပစ်သတ်ခဲ့

ကဘူးလ် ဧပြီ ၁၁

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင်ထင်ရှားသည့် တာလီဘန်ဆန့်ကျင်ရေး လူမျိုးစုခေါင်းဆောင်နှင့် သက်တော်စောင့်တို့ကို သေနတ်သမားများက ပစ်သတ်လိုက်ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်အနောက်ဘက် ကီလိုမီတာ ၆၄၀ အကွာ ဟီရတ်ပြည်နယ် အိုကေခရိုင်တွင် ဧပြီ ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်က လူမျိုးစုခေါင်းဆောင် အက်ဂါရှရစ်နှင့် သူ့သက်တော်စောင့်တို့ကို သေနတ်သမားများကတိုက်ခိုက်ကြောင်း ဒေသလုံခြုံရေးအရာရှိများက ပြောကြားသည်။

ဩဇာတိက္ကမကြီးသော လူမျိုးစုခေါင်းဆောင် အက်ဂါရှရစ်သည် သူ့နောက်လိုက်များအား အကြမ်းဖက်သမားများနှင့်မပေါင်းရန်တိုက်တွန်းရာတွင် ဒေသတွင်း၌ လူသိများသူဖြစ်သည်။

ယင်းသို့အကြမ်းဖက်သတ်ဖြတ်ခြင်းမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း မည်သည့်အုပ်စု၊ အဖွဲ့အစည်းကမျှ ယခုအထိ ထုတ်ဖော်မပြောကြားသေးဟု သိရသည်။ **(အင်တာနက်)**

အာဂျင်တီးနားတွင် အသေမွေးဖွားသည်ဟုဆိုသော ရင်သွေးငယ်တစ်ဦး ရင်ခွဲရုံထဲတွင် ၁၂ နာရီကြာစွန့်ပစ်ခံထားရပြီးနောက် သေရွာပြန်ခဲ့ရ

ပါရန်ဒို ဧပြီ ၁၁

အာဂျင်တီးနားနိုင်ငံတွင် လမစေ့ဘဲ အသေမွေးဖွားလာသည်ဟု ဆရာဝန်များ အတည်ပြုလိုက်သော ကလေးငယ်တစ်ဦးသည် ၁၂ နာရီကြာပြီးနောက် ရင်ခွဲရုံအတွင်း အသက်ရှင်လျက်ရှိသည်ကို တွေ့ရှိလိုက်သည့်သတင်း အင်တာနက်တစ်ရပ်တွင် ဧပြီ ၁၀ ရက်က ဖော်ပြထားသည်။ (အောက်ပုံ)

ဖြစ်စဉ်မှာ ချာကိုဒေသရှိ ဆေးရုံတွင် အန်နာလီယာဘော့တာဆိုသူ ကိုယ်ဝန်သည်တစ်ဦး တက်ရောက်ပြီးမွေးဖွားရာ အသေလေးမွေးဖွားခဲ့သည်ဟု ဆိုသည်။ သို့သော် ၁၂ နာရီခန့်ကြာပြီးနောက် သူနှင့်ယောကျ်ားဖြစ်သူတို့နှစ်ဦး ရင်ခွဲရုံသို့ သွားရောက်ကာ ကလေးခေါင်းကလေး ဖွင့်ကြည့်ရာ သူတို့လင်မယား၏ သမီးလေး အသက်ရှင်လျက်ရှိသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အန်နာလီယာတို့လင်မယားသည် သူတို့၏သမီးလေးကို လုပ်မီလာဂရို့စ်ဟု အမည်ပေးထားကြောင်း၊ ၎င်းအဓိပ္ပာယ်မှာ မိအံ့ဖွယ်ဟု အဓိပ္ပာယ်ရပြီး သမီးလေး လူ့လောကကိုရောက်လာပုံ ထူးဆန်းခြင်းကြောင့် ယခုလိုကင်ပွန်းတပ်ခြင်းဖြစ်ကြောင်း ကလေးမိခင် အန်နာ လီယာက ပြောကြားသည်။

ယခုဖြစ်ရပ်ဖြစ်ပွားသည်မှာ တစ်ပတ်ခန့်ကြာမြင့်ပြီဖြစ်သော်လည်း ဒေသအတွင်းရှိ ကျန်းမာရေးဌာနအရာရှိများက ယခုအချိန်မှ အများသိအောင်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ချာကိုပြည်နယ်ကျန်းမာရေးဝန်ထောက်က ယခုဖြစ်ရပ်သည် ဂုဏ်ကျက်သရေညှိုးနွမ်းစေသော ဖြစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယခုဖြစ်ရပ်ကို စုံစမ်းစစ်ဆေးမှုများ တိတိကျကျဆောင်ရွက်သွားမည်ဟုလည်း ကတိပေးပါကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဘရာဇီးပြည်သူတစ်ဝက်နီးပါး အဝလွန်သူများဖြစ်နေဟုဆို

ရီယိုဒီဂျနေးရိုး ဧပြီ ၁၁

ဘရာဇီးနိုင်ငံတွင် ပြည်သူတစ်ဝက်နီးပါးခန့်မှာ အဆီပိုအဝလွန်သူများဖြစ်နေကြောင်း အစိုးရသုတေသနစစ်တမ်းအရ တွေ့ရှိခဲ့သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘရာဇီးလူဦးရေ၏ အဝလွန်မှုနှုန်းထားသည် ၄၂ ဒသမ ၇ ရာခိုင်နှုန်းမှသည် ၄၈ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။

ယခုလို ပြည်သူဦးရေ၏တစ်ဝက်နီးပါး အဝလွန်လျက်ရှိသည်မှာ စိုးရိမ်ဖွယ်အလားအလာတစ်ရပ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနက ရှုမြင်ပြီး တိုင်းပြည်၏စီးပွားရေး ပိုမိုကြွယ်ဝဖွံ့ဖြိုးမှုသည် အဝလွန်သူဦးရေပိုမိုတိုးပွားလာစေခြင်းနှင့် တိုက်ရိုက်အကျိုးသက်ရောက်မှုမရှိကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်နှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများပြုလုပ်ပေးနိုင်မည့် စီမံချက်များရေးဆွဲရန် လိုအပ်ကြောင်း၊ နောက်ဖြစ်လာနိုင်သည့် ပြည်သူ့ကျန်းမာရေးပြဿနာများကို ဖြေရှင်းနိုင်ရေး ယခုအချိန်ကတည်းက ပြင်ဆင်ရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တင်ပြခဲ့သည်။

ဘရာဆီးလီးယားမြို့တော်ကဲ့သို့ နိုင်ငံ၏ပြည်နယ်မြို့တော်အားလုံးအတွင်း တယ်လီဖုန်းအင်တာဗျူး ၅၄၀၀၀ ပြုလုပ်ချက်ကို အခြေပြုပြီး ယခုတွေ့ရှိချက်ကို သုတေသနပြုဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ သုတေသနရလဒ်အရ ဘရာဇီးနိုင်ငံသားများတွင် အမျိုးသားထု၏ ၅၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် အမျိုးသမီးများတွင် ၄၄ ဒသမ ၇ ရာခိုင်နှုန်းမှာ အဝလွန်သူဖြစ်နေကြပြီဖြစ်သည်ကို တွေ့ရှိခဲ့သည်။ အဝလွန်သူဦးရေအချိုးအစားမှာ ၂၀၀၆ ခုနှစ်အတွင်း ၁၁ ရာခိုင်နှုန်းရှိရာမှ ၂၀၁၁ ခုနှစ်တွင် ၁၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်သည်အထိ ရောက်ရှိခဲ့ကြောင်း သုတေသနပြုနိုင်ခဲ့သည်။ အသင့်စား အစားအစာများကို လွယ်လင့်တကူစားသုံးခြင်းသည် အဝလွန်မှုဖြစ်စေသည့် အဓိကကျသောပြဿနာ တစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် အမျိုးသားများတွင် ပိုမိုဖြစ်ပွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အဆိုပြုသည်။

နိုင်ငံ၏စီးပွားရေးပိုမိုကြွယ်ဝလာခြင်းနှင့် အဝလွန်သူဦးရေတိုးပွားခြင်းတို့ ဆက်စပ်မှုရှိသည်ဟူသော အတွေးအခေါ်တစ်ရပ်ကိုမူ ကျန်းမာရေးဝန်ကြီးဌာန အလက်ဇန္ဒားပါဒီလာက လက်မခံကန့်ကွက်ပြီး "နိုင်ငံသားများဟာ အစားအစာ စားသောက်မှုအလေ့အကျင့်ကို ပြုပြင်ပြောင်းလဲတာမရှိခဲ့ပါဘူး။ အဆီမထုတ်ထားတဲ့နို့နဲ့ အဆီပိုအသားများစားသောက်ကြခြင်းကြောင့် အဝလွန်မှုပြဿနာများ ဖြစ်ရတာပါပဲ" ဟု ပြောကြားသည်။ **(ဝဲပုံ)** **(အင်တာနက်)**

12-4 (05).pmd 1 4/12/2012, 3:01 AM

မြန်မာ့အလင်း သကြၤန်အကြို အခန်းဆက် ဝတ္ထုရှည်

နှလုံးသားထဲက သကြၤန်

တက္ကသိုလ်မောင်သုလှိုင်

ယမန်နေ့ကအဆက်

“ပတ်-ပေ-တို-ပုံ-ပေ-ပေ-ဂျိ-ပေဂျိ -ပေဂျိ”

“ဟ-လန့်လိုက်တာကွာ-မပြောမဆို အရမ်းကြီးလုပ်ရသလား ကဲကွာ-ကဲကွာ”

ထူးထူးမောင် တစ်ယောက် နောက်နားဆီက မပြောမဆို ခြောက်လုံးပတ်နှင့်အတူ ပတ်မကို နှစ်ဆင့်လောက် ဆင့်တီးလိုက်တော့ ဇော်မြင့်လွင်လန့်ကာ ထအော်သည်။ ဇော်မြင့်လွင် လက်ကလည်း ထူးထူးမောင် နားရင်းဆီသို့ နှစ်ချက်အသာလေး တီးမိလျက်သားဖြစ်သွားသည်။

ထိုအခါ ထူးထူးမောင်က စပ်ဖြီးဖြီးနှင့်--။

“ဟဲ-ဟဲ-ပတ်လုံးတွေ ကြိုးညှိတာပါ-အဲ-အဲ- အသံညှိတာပါကွ” ဆိုကာ ယနေ့နောက်ဆုံးရက် သီချင်းတိုက်ခြင်းကို စတင်လိုက်ကြသည်။

ဧပြီ ၁၁ ရက် “ဗုဒ္ဓဟူးနေ့” . . . ။

စတူဒီယိုထဲတွင် လူစုံပြီ။ တီးဝိုင်းအဖွဲ့သားများ၊ ဖိတ်ကြားတေးသံရှင်အချို့၊ ဒေါ်အိအိထွေးတို့မိသားစုနှင့် ကိုရီးယားသူလေး လီယောင်းဝမ်၊ အိမွန်ဆွေတို့ သူငယ်ချင်းတစ်သိုက်။

စတူဒီယိုထဲတွင် စည်ကားနေသည်။

သည်နေ့တွင် ထူးထူးခြားခြားအဖြစ် ကိုရီးယားသူလေး မိယောင်းကို သီချင်းနှစ်ပုဒ် တိုက်ပေးရမည်။ မြန်မာသကြၤန်သီချင်းပါပဲ။ မမခင်စောဦးကတော့ ကိုရီးယားမှာ ရှိစဉ်ကတည်းက အလွတ်ဆိုလေ့ကျင့်ထားပြီးပြောပေမယ့် အတီးနှင့် ကတော့ တွဲ၍မကျင့်ရသေး။ စည်းဝါးမကိုက်၍ ဌာန်ကရိုဏ်းမကျလျှင်တော့ အချိန်အတော် ယူရပေဦးမည်။

စစချင်း ဖိတ်ကြားတေးသံရှင်များကို တစ်ကျော့ နှစ်ကျော့သီချင်းတိုက်ပေးလိုက်သည်။ ပြင်ပဇည့်သည်တွေကိုတော့ အားနာဖို့ ကောင်းသည်။ ဆိုကျင့်ရှိသူတွေဆိုတော့ သိပ်မကြာလိုက် နေ့ဝက်မကျိုးမီပင် ဧည့်သည်အဆိုရှင်များ သီချင်းတိုက်၍ ပြီးသွားသည်။

သည်နောက်တော့ “နှလုံးသားထဲက သကြၤန်” ကို အပြီးသတ် သီချင်းတိုက်ရန် စီစဉ်သည်။ မိယောင်းအတွက် သီချင်းနှစ်ပုဒ်ကို နောက်ဆုံးမှ တိုက်ပေးမည်ဟု ပိုင်ထူးဝေစိတ်ကူးသည်။

“နှလုံးသားထဲက သကြၤန်” အတွက် အကမင်းသမီးကတော့ ပါမှ ဖြစ်မည်။ လောလောဆယ်တော့ မမခင်စောဦးကို အကူအညီတောင်းထားသည်။ သီချင်းသံစဉ်နှင့် အလိုက်ဖက်ညီဆုံး ကနိုင်သူက လောလောဆယ် မမခင်စောဦးကိုပဲ တွေ့သည်။ ပိုင်ထူးဝေအတွက် သီချင်းအနှစ်သာရ ပေါ့ချင်ပေါ့သွားပေလိမ့်မည်။ ပရိသတ်အတွက်တော့ မပေါ့တန်စေရာ. . ။

“ကဲ မမ- မောင်လေး နှစ်ကျော့လောက် ဆိုလိုက်ဦးမယ်. . တီးဝိုင်းနဲ့ အသားသေလောက်တဲ့ တတိယအကျော့ကျမှ မမဝင်က. . . ဟောဒီမှာ သီချင်းစာသား - မမလည်း အလွတ်ရအောင် ကျက်ထားပါဦး လိုက်ဆိုပြီး ကလို့ ရတာပေါ့. ”

ပိုင်ထူးဝေပြောအပြီး ခင်စောဦးထံ သီချင်းစာရွက် လှမ်းပေးလိုက်သည်။ အနားမှာရှိနေသည့် မိယောင်းကလည်း သီချင်းစာရွက်လေးကို လှမ်းကြည့်သည်။

စပြီ၊ နှလုံးသားထဲကသကြၤန်. . . ။

ဦးစွာ ထူးထူးမောင်၏ ပတ်လုံးအခံ၊ ပြီးနောက် စန္ဒရားဆက်ဝင်သံ. . ။ ပြီးလျှင် ပိုင်ထူးဝေ၏ သီဆိုဟန်. . ။

“--------- ပိတောက်လိုမွှေး . . ရေလိုအေး× × ရင်ထဲကတေးကိုဖြင့် ရေးဖွဲ့ကာဆို × × ချစ်တဲ့သူအတွက် ရည်ညွှန်းလို × × ကြားရသူနားဝင် အစဉ်ချို × × ကကြိုးကဟန်တွေ မူပို× ×အို. . ချစ်ရတဲ့ သကြၤန်တေး× × အို . .ချစ်ရတဲ့ သကြၤန်သူလေး× × အခါချိန်ဦး နှစ်သစ်ကူးမှာဖြင့် × မြင်ရသူမောင့် ချစ်ဦးမှာ× မေ့မရအစဉ်လို × အို ရင်ထဲကသကြၤန်ကို × × ဆိုသူက ရင်ထဲမှာက× ကသူကရင်ထဲမှာဆို ×နှစ်ကိုယ်တူ တေးအလှ-ကရင်းဆို-ဆိုရင်းက× × အေးမြတဲ့ သကြၤန်×ချစ်ရတဲ့ သကြၤန်×ရင်ထဲကသကြၤန်× × အို နှလုံးသားထဲကသကြၤန် . . .”

သီချင်းစာသား ပထမအကျော့အပြီးတွင် တီးလုံးအဝင် မန္တလေးဒိုးပတ်လုံးသံနှင့်အတူ စန္ဒရားသံက လိုက်ဖက်ညီစွာ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာသည်။

သူ. . ။

တေးသံကြားလျှင် ကချင်ပါသူ။

သူမနေနိုင်တော့. . ။

ပိုင်ထူးဝေက တတိယအကျော့မှ ဝင်ကပါဟု ပြောထားသည်ကို ကြားခဲ့ပါလျက်သူမ မနေနိုင်တော့။ ကကွက်ကောင်းသော သကြၤန်ဒိုး နောက်ခံတေးသွားကလည်း မြိုင်လှသည်လေ။

ကပါပြီ။ အိုး- ကဟန်သွယ်လျစည်းချက်ကျကျ ကနေပါပြီ။ ကြည့်နေသူများ၏ လက်ခုပ်သံများ အမှတ်မထင် ထွက်ပေါ်လာသည်။ ပရိသတ်ရင်ထဲက မထင်မှတ်တဲ့ လက်ခုပ်သံတွေပါလား။

ကနေသူက မမခင်စောဦး မဟုတ်ပါ။

ပိုင်ထူးဝေချစ်ရတဲ့သူ အိမွန်ဆွေလည်း မဟုတ်ပါ။

ကိုရီးယားသူလေး လီယောင်းဝမ်လေးရယ်ပါ။

ဆိုဟန်ပီပီ ကဟန်ညီလှသော နှလုံးသားထဲက သကြၤန်၊ ပိုင်ထူးဝေ မထင်မှတ်ဘဲ ရရှိခံစားလိုက်ရသည့် အားမာန်တွေ။ ပိုင်ထူးဝေရှာနေသော သကြၤန်မင်းသမီးလေး. . ။

တီးလုံးအပြီး ဒုတိယအကျော့ အဆိုဝင်ချိန်မှာတော့ ပိုင်ထူးဝေ သီဆိုဟန်သည် အားရခြင်း၊ ကြည်နူးခြင်း၊ ကျေနပ်ခြင်းတို့ ရောပြွမ်းကာ လှပသော သကြၤန်သီချင်းတစ်ပုဒ်အဖြစ် စတူဒီယိုထဲတွင် လွင့်ပျံ့နေပေတော့သည်။

ဒီနှစ်သကြၤန်တော့ ပိုင်ထူးဝေတို့ မဏ္ဍပ်တွင် သကြၤန်နှစ်သက်သူများဖြင့် အထူးစည်ကားပေတော့မည်။

သီချင်းဆိုအပြီး မိယောင်း တစ်ယောက် ပိုင်ထူးဝေအနားရောက်လာပြီး အသံဝဲဝဲဖြင့်။

“ကိုကိုပိုင်ထူးဝေ မိယောင်း ကတာ ကြိုက်ရဲ့လားဟင်”

မိယောင်းက ပိုင်ထူးဝေ၏ လက်မောင်းကို ကိုင်လှုပ်ကာ မေးလေသည်။ ပိုင်ထူးဝေက ချက်ချင်းပင် မရည်ရွယ်ဘဲ မိယောင်း၏ လက်နှစ်ဖက်ကို ပြန်လည်ဆုပ်ကိုင်ကာ။

“ကျေးဇူးတင်တယ် မိယောင်းရယ်- သိပ်ကျေးဇူးတင်တယ်- ကိုယ်က သကြၤန်အကမင်းသမီး ရှာနေတာ- ကတာ သိပ်ကောင်းတယ် သီချင်းနဲ့လည်း အံကိုက်ပဲ။”

“ဒီစကားကြားရလို့ ဝမ်းသာပါတယ် ကိုကိုပိုင်ထူးဝေ- ဒါဆို ဒီသီချင်းနဲ့ မိယောင်း ကရမှာပေါ့ နော်”

“သေချာတာပေါ့ ကရမှာပေါ့”

သူတို့နှစ်ဦး၏ အပြန်အလှန်အပြောများကိုကြည့်ကာ ကြည်နူးမှုများဖြင့် ပြုံးနေကြသူများကတော့ မေမေ ဒေါ်အိအိထွေး၊ မမခင်စောဦးနှင့် သူငယ်ချင်းတွေပါ. . . ။

အဲဒီနောက် ပိုင်ထူးဝေ တစ်ယောက် မမခင်စောဦးဘက် လှည့်လို့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း . . . ။

“ကျေးဇူးတင်တယ် မမရယ် မိယောင်း ဒီလောက် ကတတ်လိမ့်မယ်လို့ မထင်ဘူး။ မမ ဆရာမ သိပ်တော်တာပဲ။”

ခင်စောဦးက ပြုံးပြီး-

“မမက မမတပည့်ကို ယုံကြည်ပြီးသားလေ” တဲ့။

သည်နေ့ပွဲလေးကတော့ ညနေမစောင်းမီမှာပဲ အပျော်လေးတွေနဲ့ ပြီးသွားခဲ့သည်။

အဲဒီနေ့ပွဲမှာ အပြုံးပျောက်နေသူ တစ်ဦးတော့ ရှိနေပါသည်။ သူကတော့ အိမွန်ဆွေရယ်ပါ. . . ။

×××××××

အိမ်အပြန်လမ်းတွင် အိမွန်ဆွေ ရင်ထဲမှာ မကြည်သာ. . . ။ အရင်က ပလီပလာနှင့် စကားတွေကြွယ်သလောက် အခုတော့ ငြိမ်ချက်သားကောင်းပြီး စကားပြောဖော်ပင်မရ။

အနီးတွင် သူငယ်ချင်း ပါလာသည်ကို သတိထားမိပါရဲ့လား. . . ။

ဝါဝါမိုး စိတ်မရှည်။ သည်နေ့ စတူဒီယိုတွင် လိုက်ဖက်ညီလှသော အဆိုရှင် ပိုင်ထူးဝေနှင့် ကကွက်ပိုင်သူ မိယောင်းတို့၏ မြင်ကွင်းကို တွေ့ပြီးကတည်းက သူဆွံ့အသွားခဲ့လေသည်။

“အိမွန်-အခု နင်ဘာဖြစ်နေတာလဲ. . . စတူဒီယိုက ပြန်လာပြီးကတည်းက ငါ့ကိုတောင် ဟုတ်တိပတ်တိ စကားမပြောတော့ဘူး. . . ဘာလဲ ကိုပိုင်ထူးဝေကို . . . သဝန်တိုနေတာလား. . .”

ဝါဝါမိုးက ဒဲ့ပင် မေးလိုက်သည်။

“ မဟုတ်ပါဘူးဟာ”. . . တဲ့၊

အိမွန်ဆွေထံမှ လေသံ မပွင့်တပွင့်လေး ထွက်လာသည်။

“ ဒါဆို ဘာဖြစ်တာလဲ. . . ဘွင်းဘွင်းပြောစမ်းပါ အိမွန်ရယ် . . .”

“ ဘာဖြစ်တယ်ဆိုတာ မပြောတတ်ပေမယ့် ကိုပိုင် အခြားမိန်းကလေး တစ်ယောက်နဲ့ ခုလိုတရင်းတနှီးနေတာ ဘဝင်မကျသလိုပဲ - အဲဒါ အချစ်လို့ခေါ်လား ဝါဝါရယ်. . .”

ဝါဝါမိုး အားပါတရရယ်လိုက်ပါသည်။

“ ငါထင်တော့ ထင်သားပဲ. . . ဒါ နင်သဝန်တိုနေတာပဲ- အချို့က ပြောကြတယ် သဝန်တိုတာဟာလည်း အချစ်ပဲတဲ့. . . ဒါပေမယ့် နင်သတိပြုရမှာက ဒါသကြၤန်ပွဲအတွက် ဆိုကြကကြတယ်လို့ပဲ မှတ်ဖို့လိုတယ်။ သူ့ရဲ့သကြၤန်မင်းသမီးအဖြစ် နင့်ကို တောင်းဆိုခဲ့တာပဲ. . . နင်မှ လက်မခံဘဲ. . သူ့သီချင်းကလည်း အကပါမှ လိုက်ဖက်မှာလေ- မိယောင်း မဟုတ်လည်း အခြားသူတစ်ဦး ပေါ်လာရင် မင်းလက်ခံရမှာပဲ. . .”

“ ဒါပေမယ့် ငါ့ရင်ထဲက လက်မခံချင်သလို ဖြစ်နေတယ် ဒါကရော အချစ်ပဲလား ဝါဝါရယ်”

“အေး-အဲဒါတော့ ငါရည်းစားထားကြည့်ပြီးမှ ပြောတော့မယ်”

ဝါဝါမိုး စိတ်မရှည်သဖြင့် အငေါ်တူးလိုက်သည်။ ပြီးမှဆက်၍ -

“ဒါဆိုဒီလိုလုပ်. . ငါ-ကိုပိုင်ထူးဝေကို သွားပြောလိုက်မယ်။ ကိုရီးယားသူကို မကခိုင်းပါနဲ့လို့ . . . အိမွန်ဆွေပဲ ကပေးပါမယ်လို့- ဘယ်လိုလဲ. . .”

“အို မဟုတ်တာ ဝါဝါရယ်- ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ -ငါရင်ထဲက မခံစားနိုင်တာပဲ သိတယ်. . .”

“ဒါဆိုလည်း နင်မခံစားနိုင်တာကို ဖွင့်ပြောလိုက်လေ-”

“အို-ဒီလိုလည်း ပြောလို့ ဘယ်ရမလဲ- သူနဲ့ငါနဲ့က ဘာမှမဆိုင်သေးဘဲ-”

“အေး-အဲဒါပဲ-အဲဒါကြောင့် ပြောတာ - အရင်ကတည်းက သူတောင်းတဲ့အဖြေကို ပေးလိုက်ပါတော့ဆိုတာ-အမူကို ပိုလွန်လွန်းတယ်-ခုတော့ သူလုပ်သမျှ ဘာဝင်ပြောလို့ရတော့မလဲ. . . ဘေးကပဲ ထိုင်ကြည့်ပြီး သဝန်တိုနေပေတော့. . .”

ဝါဝါမိုးစိတ်မရှည်တော့- ပြီးမှ ဆက်ပြီး

“ အေး- ငါတစ်ခုထပ်သတိပေးဦးမယ်နော်- နင်သဝန်တိုစိတ်လွန်ကဲပြီးတော့ နက်ဖြန်မဏ္ဍပ်ကို မလာဘဲနဲ့တော့ မနေနဲ့-နင်မလာရင် ဟိုက စိတ်မကောင်းဖြစ်မှာ- သူက နင့်ကို အမြဲတမ်း ရှေ့ကပဲ နေရာပေးချင်တာ- အခုဟာက အလုပ်သဘောအရလို့ပဲ နင် နားလည်ပေးလိုက်. . .”

“နားလည်ပေးနိုင်အောင် ကြိုးစားပေးပါမယ် ဝါဝါရယ်- ဒါပေမယ့် ဒီမြင်ကွင်းမျိုး ထပ်မြင်ရဖို့အရေး တွေးပြီး ဝန်လေးနေမိတယ်”

“ ကဲ မမ ဝန်ပဲလေးလေး၊ ဝန်ပဲပေါ့ပေါ့ နက်ဖြန်မဏ္ဍပ်ကို လာဖို့တော့မမေ့နဲ့- ပြီးတော့ ငါထပ်မှာလိုက်မယ်နော် နင်သဝန်တိုချင်ရင် ရင်ထဲကပဲတို၊ အပြင်မထွက်စေနဲ့ . . .”

“ ရင်မောရပါလား. . ဝါဝါရယ်”

အိမွန်ဆွေ တစ်ယောက် ပင့်သက်လေးများချကာ တိုးတိုးညင်သာ ညည်းတွားလိုက်သည်။

သည်ဖြစ်ရပ်ကိုတော့ ပိုင်ထူးဝေတစ်ယောက် သိနိုင်ဦးမည် မထင်ပါ။

ဒါပေမယ့် သကြၤန်ရက်တွေကတော့ နက်ဖြန်ဆိုစပြီလေ. . . ။

(ဆက်လက်ဖော်ပြပါမည်)

မာန်အောင်မြို့နယ် ကျွန်းပတ်လမ်းရှိ တံတားများ ရခိုင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ စစ်ဆေး

မာန်အောင် ဧပြီ ၁၁

မာန်အောင်မြို့နယ် ကျွန်းပတ်လမ်းပေါ်၌ တံတားများတည်ဆောက်လျက်ရှိရာ ရခိုင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ခင်၊ လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီး ဦးကြည်စိုးနှင့်အဖွဲ့သည် ဧပြီ ၁ ရက် နံနက်ပိုင်းက ကျွန်းပတ်လမ်းပေါ်ရှိ ပေ ၉၀ တံတားအမှတ် ၃/၁၆ အခုတ်ချောင်း ဘေလီသံပေါင်တံတားနှင့် ပေ ၆၀ တံတားအမှတ် ၂/၁၉ ဝဲတောင်ချောင်း ဘေလီ သံပေါင်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဝန်ကြီးတို့သည် မေယုဝရဇိန် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ပြီးစီးနေသော ဆားချက်တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးရာ မေယုဝရဇိန်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကျော်ဇေယျာဝင်းက ဆေးရုံတည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသကြၤန်ပွဲတော် ကောလင်းမြို့၌ စည်ကားစွာ ကျင်းပမည်

ကောလင်း ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန “ ဇာတိမာန်” ခန်းမ၌ ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနောင်က ယခင်နှစ်က ကျင်းပခဲ့သည့်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန်နှင့် ဗဟိုမဏ္ဍပ်တည်ဆောက်မှု ပြီးစီးပြီဖြစ်၍ ယိမ်းအလှဖျော်ဖြေရေးအစီအစဉ်၊ တစ်ဦးချင်းအဆို၊ အကဖျော်ဖြေမှု အစီအစဉ်၊ မဟာသကြၤန်ပွဲတော် လုံခြုံရေးနှင့် ရေရရှိရေးလုပ်ငန်းများကို စီမံဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒေါ်ကျော့ယဉ်ဝင်းက ရေရရှိရေး ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးမြင့်၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးကျော်တင့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လုံခြုံရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကိုလည်းကောင်း၊ မြန်မာ့မီးရထား၊ ရုံပိုင်ကြီး (အထူးတန်း) ဦးတင်ရှိန်က မြို့ပေါ် (၆) ရပ်ကွက် ယိမ်းအကများ၊ တေးဂီတဖျော်ဖြေခြင်းများကို ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဦးစီးမှူး ဦးကျော်ထူးက ၁၃၇၄ ခုနှစ် နှစ်ဆန်း တစ်ရက်နေ့တွင် အသက် (၈၅) နှစ်အထက် သက်ကြီးအဘိုးအဘွားများ ပူဇော်ပွဲနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကောလင်းမြို့တွင် သကြၤန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၃၈)**

သကြၤန်ကာလ မန္တလေးမြို့တော် သန့်ရှင်းသာယာရေး လမ်းမကြီးများ၏ ပလက်ဖောင်းများ၌ ဆိုင်တည်ခင်းခြင်းမပြု

မန္တလေး ဧပြီ ၁၁

မြန်မာ့ရိုးရာသကြၤန်ပွဲတော်ကာလအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများဖြစ်သော ၆၆ လမ်း (ကျုံးအရှေ့ဘက်ခြမ်း)၊ ၁၂ လမ်းမှ ၂၆ လမ်းအတွင်း၊ ၂၆ လမ်း (ကျုံးတောင်ဘက်ခြမ်း)၊ ၆၆လမ်းမှ လမ်း ၈၀ အတွင်း၊ လမ်း ၈၀(ကျုံးအနောက်ဘက်ခြမ်း) ၊ ၁၂ လမ်းမှ ၂၆ လမ်းအတွင်း၊ ၁၂ လမ်း (ကျုံးမြောက်ဘက်ခြမ်း)၊ ၆၆လမ်းမှလမ်း ၈၀ အတွင်း ပလက်ဖောင်း၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ လမ်းမြေများပေါ်တွင် ကျူးကျော်၍ လမ်းဘေးဈေးရောင်းချခြင်း၊ ဆိုင်တည်ခင်းခြင်းများလုံးဝမပြုလုပ်ရန် နှိုးဆော်ထားသည်။ ဈေးရောင်းချသူများ အနေဖြင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဒဏ်ငွေကျပ်သုံးသောင်း တပ်ရိုက်အရေးယူသွားမည်ဖြစ်ရာ မဟာသကြၤန်ကာလအတွင်း မြို့တော်၏ သန့်ရှင်းသာယာလှပမှုကို ဝိုင်းဝန်းကူညီသွားကြရန် တိုက်တွန်းထားကြောင်း သိရှိရသည်။

သီဟကိုကို(မန္တလေး)

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ပိုက်ချက်များ တင်ဒါရောင်းချခြင်း အခမ်းအနားကို ဧပြီ ၂ ရက်က ဇာတိမာန်ခန်းမတွင် ကျင်းပစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သင်္ကြန်အကြိုမြင်ကွင်းသတင်းပဒေသာ သင်္ကြန်အကြိုမြင်ကွင်းသတင်းပဒေသာ

မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ကျောင်းသူလေးများ ဝတ်စုံပြည့်လေ့ကျင့်ကပြ

မန္တလေး ဧပြီ ၁၁

၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ရှေ့၌ကပြဖျော်ဖြေမည့် အခြေခံပညာကျောင်းများမှ ယိမ်းအကအဖွဲ့ဝင် ကျောင်းသူလေးများ၏ ဝတ်စုံပြည့် အစမ်းလေ့ကျင့် ကပြမှုအစီအစဉ်ကို ဧပြီ ၁၀ ရက် ညနေ ၅ နာရီက မြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင် ကျင်းပရာ **(ယာပုံ)** မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်း တက်ရောက်အားပေးသည်။

ထိုသို့လေ့ကျင့်ရာတွင် အနုပညာဦးစီးဌာန (မန္တလေး) ဦးစီးအရာရှိ ဒေါ်ညိုညိုဝင်းနှင့် မြို့တော်စည်ပင်အက နည်းပြများဦးဆောင်၍ မြို့တော်စည်ပင် မြန်မာ့ဆိုင်းဝိုင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့တို့နှင့်တွဲဖက်ကာ ယိမ်းအကအဖွဲ့ သမီးပျိုများက မန်းတောင်ရိပ်ခို၊ အောင်မြင်ပါစေ မြန်မာပြည်တေးသီချင်းများဖြင့် ညီညာလှပစွာ ကပြခဲ့ကြကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

မြို့နယ်အချို့၌သင်္ကြန်စတုဒိသာကျွေးမွေးကြမည်

ရန်ကုန် ဧပြီ ၁၁

သင်္ကြန်ရောက်ပြီဆိုလျှင် မြို့နယ်ရပ်ကွက် လူမှုရေးအသင်းအဖွဲ့များက စတုဒိသာ ကျွေးမွေးခြင်းများ ပြုလုပ်ကြသည်။

စတုဒိသာကျွေးမွေးခြင်းများကို ကျောက်တံတားမြို့နယ် သာသနာနုဂ္ဂဟအသင်း စတုဒိသာမဏ္ဍပ်တွင် သင်္ကြန်အကျနေ့မှ သင်္ကြန်အတက်နေ့အထိ စတုဒိသာ ကျွေးမွေးခြင်းများ ပြုလုပ်မည်ဖြစ်သည်။ သင်္ကြန်အကျနေ့တွင် နံနက် ၁၁ နာရီမှစ၍ ချစ်တီးထမင်း၊ သင်္ကြန်အကြတ်နေ့မှ အတက်နေ့တွင် မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ကြာဆံကြော်တို့ကို နံနက် ၁၀နာရီတွင် ကျွေးမွေးမည်ဖြစ်ကြောင်း အသင်းအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ **(ဝဲပုံ)**

လာရောက်စားသုံးနိုင်

ဆက်လက်၍ လသာမြို့နယ်၌ ခြောက်ကြိမ်မြောက် စုပေါင်းစတုဒိသာချက်ပြုတ်ခြင်း လုပ်ကိုင်နေကြသည့်မြင်ကွင်းကို အားရဖွယ် မြင်တွေ့ရသည်။ "ကျွန်တော်တို့ အကြိုနေ့မှာ ခေါက်ဆွဲကြော် အချိန် ၁၀၀ ကျော်၊ အကျနေ့မှ အတက်နေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှစပြီး ထမင်း၊ သီးစုံပဲကုလားဟင်း၊ ငါးခြောက်ကြော်၊ သရက်ချဉ်၊ ဘဲဥ၊ သရက်သီးသုပ်နဲ့ အအေးပါ တိုက်ကျွေးမှာဖြစ်ပါတယ်။ မည်သူမဆို လာရောက်စားသုံးနိုင်ပါတယ်"ဟု စုပေါင်းအလှူရှင်တစ်ဦးက ပြောပြခဲ့သည်။ **(တင်စိုး-မြန်မာ့အလင်း)**

ရိုးရာသင်္ကြန်ပွဲတော် မိတ္ထီလာ၌ စည်ကားစွာကျင်းပမည်

မိတ္ထီလာ ဧပြီ ၁၁

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာတာသင်္ကြန်ပွဲတော်ကို မိတ္ထီလာမြို့တွင် ရပ်ကွက်များအလိုက် သင်္ကြန်မဏ္ဍပ်များထိုးကာ ပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်သည်။ မိတ္ထီလာဗဟိုဆုပေးမဏ္ဍပ်ကို အထက(၁)ကျောင်းအနီးတွင်ဆောက်လုပ်ပြီး ရပ်ကွက်အလိုက် သင်္ကြန်ယိမ်းအဖွဲ့များက ညစဉ်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ နေ့ပိုင်းတွင်လည်း မြို့ပေါ်ရပ်ကွက်များမှ တီးဝိုင်းများဖြင့် အဆိုတော်များက သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်သည်။

မိတ္ထီလာမြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေးအတွက် အောင်ဆန်းရပ်ကွက်၊ ပေါက်ချောင်းရပ်ကွက်၊ ရတနာမာရ်အောင်ရပ်ကွက်၊ အောင်ဇေယျာရပ်ကွက်၊ ကျီတော်ကုန်းရပ်ကွက်၊ ပြည်သာယာ တောင်/မြောက်ရပ်ကွက်၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ မြို့မရပ်ကွက်၊ ဝန်ဇင်းရပ်ကွက်တို့တွင် ရေကစားမဏ္ဍပ်များဖြင့် ပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်သည်။

ထို့အပြင် ကုမ္ပဏီများကလည်း ရေကစားမဏ္ဍပ်များဖြင့် ရေကစားကြမည်ဖြစ်သည်။ ရန်ကုန်လမ်း၊ မန္တလေး၊ မြင်းခြံလမ်း၊ ကျောက်ပန်းတောင်းလမ်း၊ တောင်ကြီးကားလမ်းများတွင်လည်း ရေကစားမဏ္ဍပ်များဖြင့် စုပေါင်းရေကစားကြမည်ဖြစ်သည်။ ဗဟိုမဏ္ဍပ်တွင် ညအခါတပ်ရင်းတပ်ဖွဲ့များကလည်း သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်သည်။ မြန်မာ့ရိုးရာသင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက်တွင် ကန်တော်မင်္ဂလာခန်းမ၌ ရပ်ကွက်အတွင်းမှ အသက် ၈၀ အထက် အဘိုးအဘွား ၅၆ ဦးအား သက်ကြီးပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်သည်။ ထို့အပြင် နှစ်ဆန်းတစ်ရက်နေ့တွင် ရပ်ကွက်များမှ ပြည်သူများကစုပေါင်း၍ ဇီဝိတဒါန ငါးအကောင်တစ်သိန်းလွှတ်ပွဲကို အန္တကူရေလည်စေတီအနီးတွင် စုပေါင်းကျင်းပသွားမည်ဖြစ်သည်။ နှစ်ဆန်းတစ်ရက်နေ့ညနေတွင် ရပ်ကွက်အလိုက် အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝ၁၂)**

မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဖျော်ဖြေမှုများ SKY NET နှင့် Mandalay FM မှ တိုက်ရိုက်လွှင့်မည်

မန္တလေး ဧပြီ ၁၁

၁၃၇၃ ခုနှစ် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို SKY NET ရုပ်သံနှင့် Mandalay FM ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် ရန်ကုန်မြို့မှ Metal Zone တေးဂီတအဖွဲ့နှင့်အတူ မြန်မာပြည်သိန်းတန်၊ ဇော်ပိုင်၊ မာရဇ္ဇ၊ ရဲလေး၊ ခင်မောင်ထူး၊ သန်းမြတ်စိုး၊ ကြည်သာ(ပွဲကြိုက်ခင်)၊ အယ်လ်ဆိုင်းဇီ၊ ချစ်သုဝေ၊ ရတနာမိုင်၊ နန်းဆုရတီစိုး၊ လူရွှင်တော်အဖွဲ့၊ ရုပ်ရှင်အနုပညာရှင်များ၏ အမေများအဖွဲ့တို့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

မြို့တော်ဝန်မဏ္ဍပ်ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့ညနေတွင် ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲတေးသီချင်းအဖြစ် မန်းတောင်ရိပ်ခိုနှင့်အောင်မြင်ပါစေ မြန်မာပြည်တေးသီချင်းကို မြို့တော်စည်ပင်ဆိုင်းဝိုင်း၊ မြို့တော်စည်ပင်တေးဂီတတို့နှင့်တွဲဖက်၍ သမီးပျိုလေးများက အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ကာရန်တူသင်္ကြန်

* သင်္ကြန်ချိန်ခါ ဆိုက်ရောက်လာတော့
သည်မှာ ဟိုမှာ၊ ပိတောက်ဝါတို့
ဖူးကာ ပွင့်ကာ၊ ပင်လုံးဖြာ၏
သင်းပါ မွှေးပါ၊ လေသင့်ရာတည့်။
လန်းဖြာကျန်းမာ၊ ဝမ်းတသာဖြင့်
သူ့မှာ ကိုယ့်မှာ၊ ကြည်နူးပါရ
သီတာ သီတာ၊ ရေညီလာထဲ
ဆင်ကာနွဲ့ကာ၊ လောင်းပက်ပါရ။

* သင်္ကြန်ရောက်လျှင်၊ ဤမြေပြင်၌
နှစ်စဉ်တိုင်းပင်၊ ရေသဘင်ကို
ချစ်ခင်စွာပင်၊ နွဲ့ဆင်ယင်ကြ
ယဉ်ကျေးမှုယှဉ်၊ ရိုးရာသွင်နှင့်
သစ်လွင်ခြင်းတွင်၊ ညစ်ကြေးစင်ကာ
ဟောင်းလျှင်ဖယ်ကြဉ်၊ သစ်ဖို့ပြင်ရ။

* နွေဦးချိန်ယံ၊ ထိုသင်္ကြန်၌
ဂန္ဓဝင်ဆန်၊ တင်သောစံတွင်
မွေခံထိုက်မှန်၊ မဟာဟန်နှင့်
ဆက်ရန်ထက်သန်၊ မနက်ဖြန်ကို
ဆက်ခံချိန်တန်၊ ကြိုဆိုရန်တွက်
ဗုံသံမောင်းသံ၊ တည်ညံ့နှင့်
စည်းဟန်ဝါးဟန်၊ ချွမ်ချပ်မှန်တည့်။

* ဩော်…ဆင်းသဏ္ဍာန်ထဲ၊ သင်္ကြန်ပွဲတည့်
အမြဲတမ်းပဲ၊ စိတ်မှာမြဲ၏။
စွဲလမ်းနေဆဲ၊ ခိုင်မာကဲ၏
မလဲယိုင်ဘဲ၊ ကောင်းသည့်ဖွဲ့တည့်။

* ကွယ်…ခုသင်္ကြန်က၊ ထူးကဲစွတည့်
ရသမြောက်ပ၊ ဂုဏ်တောက်ပ၏
ဘဝသစ်စ၊ ခေတ်အလှနှင့်
တိုင်းလှပြည်လှ၊ နိုင်ငံလှနှင့်
ငါကအစ၊ သူက မင်းက
ညီညွတ်မျှတ၊ စည်းလုံးပြ၍
မြန်မာ့အလှ၊ အောင်ပွဲရပြန်
ကကြခုန်ကြ၊ ပျော်ရွှင်ကြ၏
စူးရှမြူးကြွ၊ တေးဂီတဝယ်
ပီသကြည်မြ၊ သံစဉ်ကြွ၏။

* မဟာမြန်မာ၊ သင်္ကြန်ခါနှင့်
မကွာယှဉ်လာ၊ နိုင်ငံသာသော
မြန်မာမဟာ၊ ပွဲနှစ်ဖြာကို
ကာရန်တူကဗျာ၊ ရေးဖွဲ့စာဖြင့်
စာဆို့ရင်မှာ၊ အေးမြပါ၍
ဝေကာမျှကာ၊ ဆင့်ရပါ၏။ ။

စိုးမြင့်သန်းမောင် (စာပေဗိမာန်)

ညောင်လေးပင်၊ ဒိုက်ဦး၊ ကျောက်တံခါးမြို့များ၌ မဟာသင်္ကြန်ပွဲဆင်နွှဲကြမည်

သတင်းမြင်ကွင်း-သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်၊ ဓာတ်ပုံမှတ်တမ်း-ရန်အောင်ထွန်း (ပိန်းဇလုပ်)

ယနေ့သည်ကား မဟာသင်္ကြန်အကြိုနေ့ဖြစ်သည်။ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို စောင့်မျှော်သူတို့အတွက် စိတ်ပျော်ရွှင်ချမ်းမြေ့စရာအချိန်အခါပင်ဖြစ်သည်။ နှစ်သစ်ကူးကာလတွင် ရေပက်ဖျန်းကြသည့်အစဉ်အလာကား မြန်မာလူမျိုးတို့၏ချစ်စရာဓလေ့ပင်ဖြစ်ရာ အရွယ်မရွေး အားလုံးပျော်ရွှင်ရသည့် နှစ်သစ်ကူးနှစ်ဦးအစ ကာလပင်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးအသီးသီး၌သာမက ကျေးလက်နေပြည်သူများပါ ရေပက်ဖျန်းကြ၊ အလှူဒါနပြုကြသည်မှာ ပျော်ရွှင်ကြည်နူးချမ်းမြေ့စရာမြင်ကွင်းများပင်ဖြစ်သည်။ နှစ်သစ်ကူးမဟာသင်္ကြန်တွင် ရေပက်မဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များတည်ဆောက်၍ မဟာသင်္ကြန်ကို ကြိုဆိုလျက်ရှိကြသည်။ ညောင်လေးပင်၊ ဒိုက်ဦး မြို့နယ်များတွင်လည်း မဟာသင်္ကြန်ကာလအတွင်း စည်ကားသိုက်မြိုက်မှုရှိစေရန် မြို့နယ်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီကို ဖွဲ့စည်းကာ နှစ်စဉ်ကျင်းပနေကျဖြစ်သော မဟာသင်္ကြန်ဗဟိုမဏ္ဍပ်များကိုလည်း ဆောက်လုပ်နေပြီဖြစ်သည်။

ကျောက်တံခါးမြို့နယ်သို့ သတင်းအဖွဲ့သွားရောက်လေ့လာစဉ် "ယခုနှစ် ကျောက်တံခါးမြို့နယ် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်မှုများအနေဖြင့် ကျောက်တံခါးမြို့၊ ရန်ကုန်-မန္တလေးလမ်းမကြီးနံဘေး စာတိုက်ရပ်ကွက်တွင် ဗဟိုမဏ္ဍပ် အလျားပေ ၆၀၊ အနံပေ ၄၀ တည်ဆောက်ထားပါတယ်။ မြို့နယ်အတွင်းရှိ ပဲနွယ်ကုန်းမြို့၊ တောကွဲအင်း၊ ဖဒို၊ မြို့ချောင်းကျေးရွာအုပ်စုတွေမှာလည်း ဖျော်ဖြေရေးမဏ္ဍပ်၊ ဒေသဗဟိုမဏ္ဍပ်များ ရှိနေမှာပါ"ဟု သင်္ကြန်မဏ္ဍပ်စီစဉ်ဆောက်လုပ်သူတစ်ဦးက ပြောကြားသည်။

ညောင်လေးပင်မြို့တွင် တည်ဆောက်နေသော သင်္ကြန်မဏ္ဍပ်ကို သွားရောက်လေ့လာကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ "ညောင်လေးပင်မြို့ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်ရေးအတွက် ကျွန်တော်တို့ သင်္ကြန်ကော်မတီဖွဲ့စည်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်။ မဏ္ဍပ်ခိုင်ခံ့အောင်လည်း ဆောက်လုပ်ထားပါတယ်။ မဏ္ဍပ်ရဲ့ဘေးတစ်ဖက်မှာ ရေကစားမဏ္ဍပ်ကြီးကိုလည်း တည်ဆောက်ထားပါတယ်"ဟု မဟာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးက သတင်းအဖွဲ့ကို ပြောပြသည်။

ဒိုက်ဦးမြို့ မြို့မဈေးအရှေ့ မင်းလမ်းဈေးပိုင်းရပ်ကွက်တွင် မဟာသင်္ကြန်မဏ္ဍပ် တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။ "မဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ ရက်ညနေ ၅ နာရီမှာ စတင်ဖွင့်ပါမယ်။ ရေပက်ကစားခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကျင်းပကာ နေ့လယ်ပိုင်းခေတ္တရပ်နားပြီး မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ပြန်လည်ပြုလုပ်ပါမယ်။ ညပိုင်းဖျော်ဖြေရေးအစီအစဉ်ကို ညနေ ၆ နာရီမှ ၁၁ နာရီအထိ ပြုလုပ်ပါမယ်။ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၂ ဖွဲ့နှင့် ဖျော်ဖြေရေးယိမ်းအဖွဲ့ ၁၂ ဖွဲ့ စုစုပေါင်း ၂၄ ဖွဲ့ အကအဖွဲ့များပါရှိသဖြင့် လူငယ်များ ပျော်ရွှင်စွာ ရေပက်ကစားနိုင်မည်"ဟု သင်္ကြန်ကာလ ဗဟိုသင်္ကြန်မဏ္ဍပ်ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပျော်ရွှင်စရာ၊ ကြည်နူးစရာ မဟာသင်္ကြန်ကို ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရင်း ပျော်ရွှင်စွာ ဆင်နွှဲကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ညောင်လေးပင်မြို့နယ် မဟာသင်္ကြန်ဖျော်ဖြေရေး ဗဟိုမဏ္ဍပ် တည်ဆောက် ပြီးစီးမှုအခြေအနေကို ဤသို့တွေ့မြင်ခဲ့ရသည်။

12-4 (07).pmd 1 4/12/2012, 3:01 AM

တောင်ကြီးမြို့ ရေပေးရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်နှင့် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူတို့နှင့်အတူ ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကြီးမြို့ ရုရှားကန်ရေကူတမံနှင့် ပင်မတမံတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ပြည်နယ်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့က တောင်ကြီးမြို့ လက်ရှိရေပေးမှုနှင့် တိုးချဲ့ရေပေးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ထီသိမ်(ကျောက်တန်း) ရေထွက်၌ ၁၂ လက်မ ရေပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်းနှင့် ပါမိုးနဲရေထွက်ရေကန်၊ ဘဲဥကန်ရေသိုလှောင်ထားမှုနှင့် တောင်ကြီးမြို့ပေါ် ရေပေးဝေရေးစခန်းပွိုင့်(၄)သို့ ရေဝင်ရောက်မှု၊ တောင်ကြီးမြို့ပေါ်ရပ်ကွက်များသို့ တိုးချဲ့ရေပေးဝေရေးအတွက် ဂါလန် ၅၀၀၀၀ ဆံ့ ရန်ကင်းတောင်ရေလှောင်ကန်တည်ဆောက်မည့်နေရာနှင့် ညိုမီးရွာ ဘုရားကုန်းဆည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အရန်မီးသတ်တပ်ဖွဲ့ အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

အခြေခံမီးသတ် သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၁

အရန်မီးသတ်တပ်ဖွဲ့ အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲကို ဧပြီ ၁၀ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဆုများချီးမြှင့်သည်။

သင်တန်းသို့ သင်တန်းသား ၇၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာ ပို့ချပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဆုပေးအပ်

ဧပြီ ၇ ရက်က ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို M-3 စားသောက်ဆိုင်၌ ကျင်းပရာ နိုင်ငံတော်မှ စည်သူဘွဲ့ချီးမြှင့်ခံရသော အကယ်ဒမီငါးဆုရှင် ဒေါ်မြင့်မြင့်ခင်အား မြို့နယ်အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက ဂုဏ်ပြုဆု ပေးအပ်စဉ်။ (မြန်မာ့အလင်း)

✱ *ကျောဖုံးမှ*

(ဃ) အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း နာဂလက်နက်ကိုင် NSCN(K) အဖွဲ့အား လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုရန်။

(င) ပြည်ထောင်စုအစိုးရက ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် နာဂလက်နက်ကိုင်NSCN(K) အဖွဲ့မှ ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များသည် နှစ်ဦးနှစ်ဖက်သဘောတူညီသော နေရာ၊ သဘောတူညီသောအချိန်ကာလတွင် နာဂဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကိစ္စရပ်များ ဖော်ဆောင်နိုင်ရေးအတွက် ဆက်လက်တင်ပြညှိနှိုင်းဆွေးနွေးကြရန်တို့ ဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နာဂလက်နက်ကိုင် NSCN(K) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က စိုက်ပျိုးရေးကဏ္ဍအပါအဝင် ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်ပုံနှင့်ဒေသနေ ပြည်သူလူထုလိုအပ်ချက်များအား ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ - ထောင် (၁)နှစ်
၂။ ကစားသူ - ထောင် (၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင် (၅)နှစ် နှင့် ပစ္စည်းကိုသိမ်း

(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန် စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
(၉) နိုင်ငံတော်အလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသောနယ်မြေအတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်။ မေးသိုင်းကြိုးတပ်ရမည်။ နှစ်ဦးထက်ပို၍ စီးနင်းခြင်း မပြုရ။ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ(**Alcohol Tester**)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) **“သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်”**

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	**အားလုံးရဲ့မေတ္တာကို ခံယူပါ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၈:၅၅	**နှစ်သစ်အကြို** မြန်မာပြည်သိန်းတန် Live Show (Part-11)
၁၀:၃၀	ခါသင်္ကြန် အဆို အကများ
၁၂:၄၅	Activities in the City
	(ဇမ္ဗူရတနာမြတ်မင်္ဂလာအဖွဲ့၏ ဗုဒ္ဓဝင်သင်တန်းများ ဆုချီးမြှင့်ပွဲ)
၂:၂၀	၂၀၁၂ သင်္ကြန်အကြိုနေ့မြင်ကွင်း
၄:၀၀	**MNL MYANMAR 2012 (Chin United Vs Ayeyawady) (LIVE)**
၆:၁၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၅၀)
၇:၀၅	နှစ်သစ်အကြို မြန်မာပြည်သိန်းတန် Live Show (Part-12)
၇:၃၅	၂၀၁၂ သင်္ကြန်အကြိုနေ့မြင်ကွင်း
၈:၀၀	MRTV -4 သတင်း
၈:၃၀	Style ရှိမှ Star ဖြစ်မယ်
၉:၂၀	Show Room (Part-4)
၉:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄)
၁၀:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၁၀)
၁၂:၁၅	Celebrity Profile (ZNEI) (Part-2)
၄:၄၅	ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း-၁)

✱ *ရှေ့ဖုံးမှ*

ဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေး၊ ဆက်ဆံရေးရုံး ဖွင့်လှစ်ပြီးနောက် နှစ်ဖက်ညှိနှိုင်း၍ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်ပြီး အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကပြဖျော်ဖြေ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန ကျိုင်းတုံ မူလတန်းကြိုကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းဆင်း လက်မှတ်ချီးမြှင့် ပေးအပ်ပွဲနှင့် ပဒေသာကပွဲကို မတ် ၂၈ ရက်က ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပရာ မူကြိုသမီးငယ်လေးများ သင်္ကြန်ယိမ်းဖြင့် ကပြဖျော်ဖြေစဉ်။ (မြန်မာ့အလင်း)

အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာမည်

နေပြည်တော် ဧပြီ ၁၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မှုခင်းသတင်း

ဆွဲကြိုးဖြတ်ပြေးသူအား ဝိုင်းဝန်းဖမ်းဆီး

သာစည် ဧပြီ ၁၁

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကြက်မောက်ကျေးရွာတွင် ဧပြီ ၅ ရက် ညနေက ကြက်မောက်ရွာနေ ဦးသန်းလွင်၏ သား မောင်သိန်းလင်းဇော်နှင့် သမီးဖြစ်သူ မမြင့်မြင့်စန်းတို့သည် ရွာအပြင်ဘက်သို့ နွားစာသွားယူရာ အမည်မသိလူတစ်ဦးက မမြင့်မြင့်စန်း၏ လည်ပင်းတွင်ဆွဲထားသည့် ရွှေဆွဲကြိုးကို ဖြုတ်ယူထွက်ပြေးစဉ် ချမ်းသာကြီးကျေးရွာမှ ကိုထွန်းထွန်း၊ ကိုတင်ဝင်း၊ ကိုနန်းဦးနှင့် ကိုနိုင်လင်းတို့က ဆွဲကြိုးဖြတ်ယူပြေးသူ ရဲပိုင်စိုး အသက် ၃၂ နှစ်အား ဝိုင်းဝန်းဖမ်းဆီးရာ အလေးချိန်ခြောက်ပဲခြောက်ရွေးရှိ ရွှေဆွဲကြိုးကို သိမ်းဆည်းရမိခဲ့သည်။ ရွှေဆွဲကြိုးဖြုတ်ယူထွက်ပြေးသူအား သာစည်ရဲစခန်းမှ အရေးယူထားကြောင်း သိရှိရသည်။ **(ဝ၁၂)**

ဆိုင်ကယ်တိုက်ပြီး မောင်းပြေး၊ အတိုက်ခံရသူ သေဆုံး

မြစ်ငယ် ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းပေါ်တွင် ဧပြီ ၈ ရက် ည ၉ နာရီခွဲက ဆိုင်ကယ်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမရပူရမြို့နယ် မြစ်ငယ်မြို့ ဥယျာဉ်တော် အမှတ်(၁)နေ (ဘ)ဦးသိန်းဌေး သား ကိုဇော်မင်းဦး အသက် ၃၇ နှစ်အား စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းပေါ်၌ ည ၉ နာရီခွဲခန့်တွင် အမည်မသိဆိုင်ကယ်မှ ဝင်ရောက်တိုက်မိရာ ဦးခေါင်း၌ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသရာမှ ဆေးရုံတွင် သေဆုံးခဲ့သည်။ အမည်မသိဆိုင်ကယ်သမားမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။ **(၁၅၉)**

ရပ်ထားသည့်ကားကို နောက်ကားဝင်တိုက်၊ ယာဉ်မောင်းသေဆုံး

မိတ္ထီလာ ဧပြီ ၁၁

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၇၂/၄ အနီးတွင် ဧပြီ ၇ ရက်က မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်နေ ယာဉ်မောင်းအေးကိုကို အသက် (၃၅)နှစ် မောင်းနှင်သည့် ၁၀ဘီးဟီးနိုးအပြာရောင်အား မန္တလေးဘက်သို့ ဦးခေါင်းလှည့်၍ ကားလမ်းဘေးယာဘက်တွင် ရပ်ထားစဉ် နတ်မောက်မြို့နယ် ငွေးပင်ရွာနေ မောင်မျိုးခိုင် အသက် (၂၆)နှစ် မန္တလေးဘက်သို့ မောင်းနှင်လာသည့် ၁၂ ဘီး နီဆန်းကားက အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိရာ ၁၂ ဘီး နီဆန်းကားမောင်းသူ မောင်မျိုးခိုင်မှာ စတီရာတိုင်နှင့်ညှပ်၍ နေရာတွင်ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။ **(ဝ၁၂)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေရရှိပြီး စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ရေလှောင်တမံများ

ဒေသဝန်းကျင်ရှိ စိုက်ခင်းများကို စိုက်ပျိုးရေပေးဝေလျက်ရှိသည့် မဲဇလီရေလွှဲဆည်ကို ဤသို့တွေ့ရသည်။

မဲဇလီရေလွှဲဆည်

- ❐ မဲဇလီရေလွှဲဆည်သည် ကွန်ကရစ်ကျောက်ပန်းရန် အမျိုးအစားဖြစ်သည်။
- ❐ ဆည်အလျား ပေ ၃၈၀၊ အမြင့် ၉ ပေရှိသည်။
- ❐ လယ်မြေဧက ၉၆၇၇၇ ကို စိုက်ပျိုးရေ ပေးဝေနိုင်သည်။

ချေဥ်ရေလှောင်တမံ

- ➢ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ချေဥ်ကျေးရွာအနီး တည်ရှိသည်။
- ➢ ချေဥ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်သည်။
- ➢ တမံအမြင့် ၄၃ ပေ၊ ပင်မတမံအလျား ပေ ၁၉၈၀ နှင့် ကုန်းကြောတမံအလျားပေ ၃၀၀ ရှိသည်။
- ➢ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၁၆၀ ရှိသည်။
- ➢ အကျိုးပြုစိုက်ဧက ၁၅၀ ဖြစ်သည်။
- ➢ ချေဥ်ရေလှောင်တမံကြောင့် ဒေသဆန်ဖူလုံပြီး ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် ဝါ၊ ကြံ၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာခဲ့သည်။

ချေဥ်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်။

ကျောက်ဆောက်ရေလှောင်တမံ

- ❍ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီး တည်ရှိသည်။
- ❍ ကျောက်ဆောက်ချောင်းကိုပိတ်၍ တည်ဆောက်ထားသည်။
- ❍ မြေသားတမံအမျိုးအစားဖြစ်သည်။
- ❍ တမံအမြင့် ၂၅ ပေ၊ အလျား ပေ ၂၉၀၀ ရှိသည်။
- ❍ ကန်ရေပြည့်ရေလှောင်ပမာဏ ၅၁၉ ဧကပေ ရှိသည်။
- ❍ စပါးနှင့် အခြားသီးနှံဧက ၁၅၀ ကို အကျိုးပြုသည်။
- ❍ ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုသည်။

ကျောက်ဆောက်ရေလှောင်တမံကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

(၃)ခရိုင် အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၁

၂၀၁၂ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၃)ခရိုင် အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၈ရက် ညနေ ၃နာရီခွဲက တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အားပေးသည်။ ဗိုလ်လုပွဲတွင် ထားဝယ်ခရိုင်အမျိုးသမီးဘောလုံးအသင်းနှင့် မြိတ်ခရိုင် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထားဝယ်ခရိုင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် ရှေ့တန်းအကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆု၊ နောက်တန်း အကောင်းဆုံးဆု၊ ဂိုးအကောင်းဆုံးဆုနှင့် အကောင်းဆုံး အားကစားသမားဆုများကို တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၏ဇနီး ဒေါ်ခင်နန္ဒာအောင်ကလည်းကောင်း၊ ဒုတိယရရှိသည့် မြိတ်ခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို တိုင်းဒေသကြီးတရားလွှတ်တော်ချုပ်၏ဇနီး ဒေါ်သက်ထားကလည်းကောင်း၊ ပထမရရှိသည့် ထားဝယ်ခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကေရီခိုင်နှင့် တံခွန်စိုက်ဒိုင်းဆုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုတို့ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီးတွင် အခွန်စည်းကြပ်မှုဆိုင်ရာရှင်းလင်း

စစ်ကိုင်း ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည့် အခွန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အခွန်နှုန်းဆိုင်ရာအမိန့်ကြော်ငြာစာများအရ ပြုပြင်ပြောင်းလဲမှုများ ရှင်းလင်းခြင်းအခမ်းအနားကို ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးညီညီထင်ပေါ်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ရမည့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ် ၃၁ မြို့နယ်မှ မြို့နယ်အခွန်ဦးစီးဌာနမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**



ဧပြီ ၆ ရက်က ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပရာ စစ်ဆေးရေးနှင့် ဥပဒေအကျိုးဆောင်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းနွယ် ရှင်းလင်းဆွေးနွေးစဉ်။ (ပြည်နယ်ပြည်တွင်းအခွန်)

မိုးပွင့်အဆင့်(၂) စီမံချက် ဂျိုးဖြူကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူကျေးရွာအုပ်စုတွင် မတ် ၂၉ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်ရွှေနှင့်ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးနောက် အသက် ၁၀ နှစ်ပြည့် ၇၄ ဦး နှင့် အသက် ၁၈ နှစ်ပြည့် ၁၀၀ တို့အား မိုးပွင့်(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးက မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသို့ တန်ဖိုးငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဝတ်စုံများပေးအပ်ပွဲကို ဧပြီ ၆ ရက်က အထက(၁) ကြည့်မြင်တိုင် မြတ်ဝတ်ရည်ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအား ဝတ်စုံများပေးအပ်စဉ်။ (၀၄၂)

ပန်းရင်ခတ်နှင့် နှစ်ကူးသင်္ကြန်

တက္ကသိုလ်တင်လကျာ်

တန်ခူးလ ဧပြီလ ရာသီသည် မြန်မာတို့နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသည့် သင်္ကြန်ပွဲတော်၊ တစ်နည်းအားဖြင့် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြသည့် ရေသဘင်ပွဲတော်ဆင်နွှဲကြသည့် အချိန်အခါလည်း ဖြစ်ပေသည်။ မြန်မာ့ရိုးရာ ဆယ့်နှစ်ရာသီပွဲတော်တွင် သင်္ကြန်ပွဲတော်သည် ပျော်စရာအကောင်းဆုံးပွဲတော်လည်း ဖြစ်ပေသည်။ မြန်မာတို့အနှစ်သက်ဆုံးပွဲတော်တစ်ခုဖြစ်သည့်နည်းတူ သင်္ကြန်သည် မြန်မာ့အထိမ်းအမှတ်၊ မြန်မာတို့၏ ထူးခြားသော နှစ်သစ်ကူးသင်္ကေတတစ်ရပ်ဟုပင် ခေါ်ဆိုနိုင်ပါသည်။

သမိုင်းမှတ်တမ်းအရ သင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက်ကပင် စတင်ဆင်နွှဲခဲ့ကြောင်းသိရှိရသည်။ ပုဂံခေတ်ကာလများကပင် စတင်ဆင်နွှဲခဲ့ဟန်ရှိပြီး အင်းဝခေတ်တွင်လည်း အစဉ်အလာမပျက် ဆက်လက်ဆင်နွှဲခဲ့ကြပါသည်။ ထိုမှသည် ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့် မင်းအဆက်ဆက် ဆင်နွှဲခဲ့ရာ မှတ်တမ်းများအရ မြန်မာမင်းများအဆက်ဆက်တွင် "အုတ်ရှစ်ကျော်အေး" မန္တလေး နေပြည်တော်တွင် အစည်ကားအသိုက်မြိုက်ဆုံးဟု သမိုင်းမှတ်တမ်းများအရ လေ့လာသိရှိခဲ့ရပါသည်။ ယနေ့ခေတ်တွင်မူ နေပြည်တော်ကစ မြန်မာပြည်အနှံ့ သင်္ကြန်ကားများ စည်ကားလျက်ရှိပါသည်။

တန်ခူးလသင်္ကြန်ချိန်ခါတွင် လွန်စွာပူအိုက်သည့် နွေကာလဖြစ်သဖြင့် တစ်ဦးကိုတစ်ဦး ကြည်လင်အေးမြသော မေတ္တာအရှိန်အဟုန်ဖြင့် ရေသီတာပက်ဖျန်းကြသည့် ရှုခင်းသည် မြင်ရသူများအဖို့ ရွှင်လန်းအေးမြစေကာ စိတ်နှလုံးကြည်လင်လန်းဆန်းသည့် ပီတိအရှိန်အဟုန်အား ထူးကဲစွာ ရရှိနိုင်ပါသည်။ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိကာလကို မြန်မာတို့မှ "အခါတွင်း "ဟူ၍လည်းကောင်း၊ "အခါကြီးရက်ကြီး"ဟူ၍လည်းကောင်း၊ "အတာ" ဟူ၍လည်းကောင်း သတ်မှတ်ခေါ်တွင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာမြန်မာများပီပီ အခါတွင်းမတိုင်မီကပင် ဘုရားပုထိုး၊ ကျောင်းကန်များတွင် ကပ်လှူရန်အတွက် ညောင်ရေအိုး၊ အတာအိုးငယ်များအား ပုံစံအမျိုးမျိုးဖြင့် စုဆောင်းကြလေ့ရှိသည့်နည်းတူ အတာပန်း၊ သင်္ကြန်ပန်းအမျိုးမျိုး ဆွတ်ခူးကြလေ့ရှိပါသည်။ ၎င်းအပြင် လှူဖွယ်ပစ္စည်းများကိုလည်း ကြိုတင်ဝယ်ယူစုဆောင်းလေ့ရှိကြပါသည်။ ရှေးအစဉ်အလာမပျက် သပြေခက်နှင့် ဆွတ်ဖျန်း ရေကစားကြသလို ယနေ့ခေတ် ရေပက်ခံမဏ္ဍပ်များအဖြစ် အဆောက်အအုံများ ဆောက်လုပ်ကာ စည်ကားစွာ အတာသင်္ကြန်ကျင်းပခြင်း၊ ရေပက်ခံကားများ၊ အလှပြကားများဖြင့် နေရာအနှံ့သွားလာသီဆိုကခုန်ကြသည်မှာလည်း မြန်မာတို့၏ထူးခြားသော နှစ်လိုဖွယ်ရာအစဉ်အလာကောင်းတစ်ရပ်ပင် ဖြစ်ပါသည်။ ထိုကြည်နူးနှစ်လိုဖွယ်ရာ သင်္ကြန်ကာလသည် ရာသီဥတုက ပူပြင်းသောကာလဖြစ်သည့်နည်းတူ ရွက်ဟောင်းများကြွေကျချိန်နှင့် ရွက်သစ်များထွက်ရန် ဟန်ပြင်ချိန်ပင်ဖြစ်သဖြင့် မိုးရိပ်မိုးငွေ့အား စောင့်ဆိုင်းရင်း ဖူးငုံနေကြသည့် ပိတောက်၊ ကံ့ကော်၊ ပျဉ်းမ၊ ငုဝါ၊ ရင်ခတ် စသည့် ပန်းမျိုးစုံတို့သည် ဖူးရာမှ ပွင့်လန်းလာကြရန် တာစူနေကြသည့် အချိန်အခါလည်း ဖြစ်ပေသည်။ ၎င်းအပြင် သင်္ကြန်ကာလသည် အထက်ကောင်းကင်၌ ကြယ်တာရာများစုံလင်သော မိဿရာသီ၊ စိတြကြယ် ထွန်းလင်းတောက်ပသည့် အချိန်ကာလလည်း ဖြစ်ပေသည်။

ထိုအချိန်အခါသမယနှင့်အတူ စာရေးသူသည် ရှေးကဗျာ ဆရာကြီး ဦးကြော့၏ မြန်မာ့စာပေသမိုင်းဝင် တန်ခူးလရာသီဖွဲ့ လေးချိုးသဖြန်လေးအား အောက်ပါအတိုင်း ရေရွတ်မိပါသည်-

ပုရစ်တံမြရည်သွေးငယ်နှင့်
နှစ်သင်္ကြန်လမည်ပေးမယ်လို့
လှကြည်ဆေးငယ်က တင်လိုက်တာ
အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ်ရွှေမာလာတို့
မွေချာမှာ ရနံ့သင်းလို့ရယ်
ဟေမဝါ စုံမြိုင်တွင်းမှာ၊ ဆင်းဖန့်ဖန့်ဝါ။
နွေဂိမှာန် မိဿစန်းဟာပို၊
ပေထိန်လျှံ စိတြဆန်းပြတော့၊
နန်းပေရှဖွေအာကာ၊ တာရာကရောင်စုံမြူး။
နှစ်ကူးသင်္ကြန်၊ ကူးခေတ်ခေတ်စီမံ၍
လှူဒါန ညောင်နေပန်းတွေနှင့်
ရေဖျန်းကိုယ်စီ ခံကြ၊
စဲမည့် ပွဲတော်တွင်းပေမို့၊
လှဲ့လှဲ့ဝင်း မေကညာဖြူတို့နှင့်
ပဏ္ဏာတူ အချစ်စမ်းချိန်မို့
ငွေသိင်္ဂါ ရဝေနန်းဆီသို့
လွမ်းစိတ်နှင့်ရှူး။

ကဗျာတွင် ကဗျာဆရာမှ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကာလနှင့်အတူ အသွင် ထူးခြားစွာဖြင့် ပွင့်လန်းဝေဆာလျက် မွှေးရနံ့သင်းပျံ့နေသော မြန်မာ့သစ်တော ရတနာအတွင်းမှ ရွှေရောင်လွှမ်းစွာ ပွင့်လန်းဝေဆာနေသည့် ရင်ခတ်ပန်းအား တင်စားဖော်ကျူး စပ်ဆိုထားကြောင်း သိရှိနိုင်ပေသည်။

ထို့ကြောင့် အသွင်ရနံ့ဆန်းပြားစွာ ပွင့်လန်းလျက်ရှိသော ရင်ခတ်ပန်းအကြောင်းအား သင်္ကြန်ကာလ စာရေးသူမှ အောက်ပါအတိုင်း ရေးသားဖော်ပြလိုပါသည်။

ရင်ခတ်ပင် (Gardenia Coronotia)

ရင်ခတ်ပင်သည် Rubiaccae တွင် ပါဝင်ပြီး အရွက်ကြွေသော ကိုင်းမဖြာသည့် အပင်လတ်မျိုးဖြစ်သည်။ ရင်ခတ်ကြီး (Gardenia Coronotia) နှင့် ရင်ခတ်လေး (Gardenia Obtusifalia)ဟူ၍ နှစ်မျိုးရှိသည်။ အရွက်များမှာ အမြဲစိမ်းနေတတ်ပြီး အမြင့်ပေ ၅၀ မှ ၆၀ အထိမြင့်ကာ ပင်စည်အချင်းမှာ နှစ်ပေခန့်ရှိသည်။ ပန်းပွင့်များမှာ ပွင့်ဖတ်ငါးခုရှိသည်။ အသီး၏ ပုံသဏ္ဌာန်မှာ အတောင့်တိုအသွင်ဖြင့် သီးကြသည်။ အထူးသဖြင့် တန်ခူးလတွင် ဝါကြန့်ကြန့်အရောင် ပန်းပွင့်တတ်ကြသည်။ အသားမှာ မာကျောကျစ်လျစ်ပြီး အရောင်မှာ အညိုရောင်ဖျော့ဖျော့ဖြစ်သည်။

ရင်ခတ်သားအား အသားသေအောင် ပြုလုပ်ရာတွင် ဂရုစိုက်လုပ်ကိုင်ရန် လိုအပ်သည်။ ရင်ခတ်သားကို ဘီးနှင့် ရုပ်တုများပြုလုပ်ရာတွင် အသုံးပြုသည်။ ရင်ခတ်ပင်များကို မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီးနှင့် လွင်ပြင်ဒေသအချို့တွင် ပေါက်ရောက်လေ့ရှိကြသည်။ လက်ရှိ တနင်္သာရီတိုင်းဒေသကြီး လိပ်ပုတ်ဒေသတွင် ရင်ခတ်စိုက်ခင်းများ တွေ့ရှိနိုင်သည်။

ရင်ခတ်ပင်၏ ပုံသဏ္ဌာန်နှင့် ပါဝင်သည့်ပစ္စည်းများ

ရင်ခတ်ပင်သည် တိုတောင်းသောအကိုင်းများရှိသည်။ အသားထူပြီး နုနယ်သောပင်စည်များ၊ အဆစ်များကြားတွင် အဖုများပါရှိသည်။ ၎င်းအဖုမှ အစေးများထွက်သည်။ အရွက်များမှာ ထောင့်မှန်ရွက်ဆိုင်ဖြစ်သည်။ အသီးခွံမှာ မာကျောသည်။ အဝိုက်ငါးခု ပါရှိသည်။ အသီးရင့်မှည့်ချိန်တွင် လိမ္မော်ရောင်မှ နီညိုရောင်ရှိသည်။ ပင်စည် (သို့မဟုတ်) အမြစ်ကို အခြောက်လှန်းပြီး အယ်လ်ကာလီဖယ်ထုတ်ပြီးပါက အားတိုးဆေးထုတ်ယူနိုင်ပြီး ရင်ခတ်ပင်စည်နှင့် အမြစ်ကို အခြောက်လှန်းပြီးပါက အယ်လ်ကာလီ ၆ မှ ၇ ရာခိုင်နှုန်း ပါဝင်သော ကီွနှင့်စင်တိုနာကိုရရှိပြီး ၎က်ဖျားကာကွယ်ဆေးထုတ်ယူရန် ကုန်ကြမ်းအဖြစ်ရရှိပါသည်။ ရင်ခတ်ပန်းပွင့်သော ကာလမှာ ဇန်နဝါရီလမှ ဧပြီလအထိဖြစ်ကြောင်း လေ့လာသိရှိရသမျှ စာရေးသူမှ ယခုနှစ်ဦးသင်္ကြန်အား ပန်းရနံ့ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်ရင်း ရေးသားဖော်ပြအပ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၂-၄-၂၀၁၂ (ကြာသပတေးနေ့)
(မဟာသင်္ကြန်အကြိုနေ့)

__နံနက်ပိုင်း__

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
-	ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၁၀	ခါသင်္ကြန်အဆိုအကများ
၈း၃၀	ခါသင်္ကြန်အဆိုအကများ
၈း၄၀	International News
၈း၄၅	ခါသင်္ကြန်အဆိုအကများ

__ညပိုင်း__

၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
	-ဒုတိယနှစ်(စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅း၃၀	ချစ်စရာတာသင်္ကြန်
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ခါသင်္ကြန်အဆိုအကများ
၆း၄၀	**"မိုးကြိုကာလမိုးလေဝသဖြစ်စဉ်များနှင့်ဧပြီလအတွက် မိုးလေဝသအခြေအနေများ"**
	-မိုးလေဝသအခြေအနေ
	-မြန်မာရုပ်ရှင် **ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်** ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊နန္ဒာလှိုင် ဒါရိုက်တာ-မောင်မျိုးမင်း(ရင်တွင်းဖြစ်)

လှိုင်လင်ခရိုင် ပင်လုံမြို့ ဆဟောင်းကျေးရွာအုပ်စု နောင်ပန်းပိန်း ကျေးရွာတွင် မတ် ၁၉ ရက်က ဒေသခံတိုင်းရင်းသားများ၏ ထည့်ဝင်ငွေကျပ်သိန်း ၉၀ ဖြင့် ဆောက်လုပ်သော ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံအသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ တာဝန်ခံဆရာဝန် ဒေါက်တာစိုင်းစိုးဟိန်းနှင့် ပအိုဝ်းတိုင်းရင်းသားဦးပညာဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ကျန်းမာရေး)

ဆုချီးမြှင့်

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က စီစဉ်ကျင်းပသည့် နဝမအကြိမ်မြောက် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်၊ နံ့သာသွေးပြိုင်ပွဲကို ဧပြီ ၁၁ ရက်က ရန်ကုန်မြို့ သိမ်ဖြူကွင်း၌ ကျင်းပရာ ပထမဆုရ ရခိုင်အမျိုးသမီးအသင်း (မြတ်ပန်းသဇင်)အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြစဉ်။ (မြန်မာ့အလင်း)

ကိုသစ္စာ-စုစည်းသည်

ရုပ်ရှင်မင်းသမီး ဟာဂျီဝမ်နှင့် ဘေဒိုးနာတို့နှစ်ဦး Korea အမည်ရှိဇာတ်ကား၌ ပူးတွဲသရုပ်ဆောင်မည်

ဟာဂျီဝမ်

ဘေဒိုးနာ

ဆိုးလ် မေ ၁၁

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး နှစ်ဦးဖြစ်သည့် ဟာဂျီဝမ်နှင့် ဘေဒိုးနာတို့နှစ်ဦးသည် Korea အမည်ရှိ ရုပ်ရှင်ကားတွင် ပါဝင်သရုပ်ဆောင်ရန်အတွက် စားပွဲတင်တင်းနစ်ကစားမှုကို နေ့စဉ်လေ့ကျင့်နေလျက်ရှိကြောင်း မေ ၁၁ရက်တွင် သတင်းထုတ်ပြန်သည်။

လေ့ကျင့်နေ

ဒါရိုက်တာ မွန်းဟွန်ဆုန် ရိုက်ကူးမည့် ယင်းရုပ်ရှင်ကားတွင် ရုပ်ရှင်မင်းသမီးဟာဂျီဝမ်နှင့် ဘေဒိုးနာတို့မှာ တောင်ကိုရီးယား စားပွဲတင်တင်းနစ်ကစားသမားအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ရာ ဇာတ်လမ်းနှင့် အံဝင်ခွင်ကျဖြစ်ရန် လေ့ကျင့်နေကြခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ ကိုယ်စားပြုလက်ရွေးစင် စားပွဲတင်တင်းနစ်အားကစားမယ်တွေအဖြစ် သရုပ်ဆောင်ရမှာမို့ စွမ်းရည်ထက်မြက်တဲ့ အားကစားမယ်တွေလို လေ့ကျင့်ကစားသွားမှာဖြစ်တယ်ဟု ရုပ်ရှင်မင်းသမီး ဟာဂျီဝမ်က ပြောကြားသည်။ ဟာဂျီဝမ်သည် အားကစားကို စိတ်ပါဝင်စားသူတစ်ဦးလည်းဖြစ်သည်။

ပြောကြား

ရုပ်ရှင်မင်းသမီး ဘေဒိုးနာသည် ငယ်စဉ်က စားပွဲတင်တင်းနစ်အားကစားကို လိုက်စားခဲ့ဖူးသူဖြစ်ရာ ယခုရိုက်ကူးမည့် ရုပ်ရှင်ကားအတွက် အခက်အခဲရှိမည် မဟုတ်ကြောင်း၊ သို့သော် တကယ့်စွမ်းရည်ထက်မြက်သည့် အားကစားမယ်အဖြစ် ပရိသတ်မြင်တွေ့နိုင်ရန် လေ့ကျင့်စေခြင်းဖြစ်ကြောင်း ဒါရိုက်တာမွန်းဟွန်ဆုန်က ပြောကြားသည်။

သင်ကြားပေး

ဟာဂျီဝမ်နှင့် ဘေဒိုးနာတို့နှစ်ဦးအား စားပွဲတင်တင်းနစ်နည်းပြဆရာ ဟွန်ဂျောင်ဟွာက စနစ်တကျလေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။ နည်းပြဆရာဟွန်ဂျောင်ဟွာမှာ တောင်ကိုရီးယားနိုင်ငံ၏ စားပွဲတင်တင်းနစ် အကျော်အမော်တစ်ဦးနှင့် နိုင်ငံ့လက်ရွေးစင်တစ်ဦးလည်း ဖြစ်သည်။

ယင်းဇာတ်ကားသည် အားကစားမယ်နှစ်ဦးတို့က တောင်ကိုရီးယားနိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားစေရန် အားကစားဖြင့် စွမ်းဆောင်ခဲ့ရာတွင် နှလုံးသားရေးရာ ခံစားချက်များပါ ထည့်သွင်းရိုက်ကူးမည့် ရုပ်ရှင်ကားဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယရုပ်ရှင်မင်းသားကြီး အမိတာဘချန်း ဆေးကုသမှုပြန်လည်ခံယူရမည်

မွမ်ဘိုင်း မေ ၁၁

အိန္ဒိယဘောလိဝုဒ် ရုပ်ရှင်လောကတွင်သာမက ကမ္ဘာ့ရုပ်ရှင်ပရိသတ်များ နှစ်သက်အားပေးနေဆဲဖြစ်သည့် ရုပ်ရှင်မင်းသားကြီး အမိတာဘချန်းသည် ဝမ်းဗိုက်ခွဲစိတ်ကုသထားမှုမှ ပြန်လည်နာကျင်လာသဖြင့် ဓာတ်မှန်ပြန်ရိုက်ကာ ဆေးကုသမှု ထပ်မံခံယူရမည်ဖြစ်ကြောင်း မေ ၁၁ ရက်က သတင်းထုတ်ပြန်သည်။

အသက် ၆၉ နှစ်အရွယ်ရှိပြီဖြစ်သည့် အမိတာဘချန်း **(ယာပုံ)**သည် ဝမ်းဗိုက်ခွဲစိတ်ကုသမှု ခံယူထားသည်မှာ နှစ်လကျော်ကြာမျှသာ ရှိသေးသော်လည်း နာကျင်မှုဝေဒနာ ထပ်မံခံစားနေရခြင်းကြောင့် ဆေးကုသမှု ပြန်လည်ခံယူရန် စီစဉ်နေခြင်းဖြစ်သည်။

ရုပ်ရှင်မင်းသားကြီး အမိတာဘချန်းသည် ပြီးခဲ့သည့်ဖေဖော်ဝါရီလက မွမ်ဘိုင်းဆေးရုံတွင် တက်ရောက်ကာ ဝမ်းဗိုက်ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမိတာဘချန်းသည် ၂၀၀၅ ခုနှစ်ကလည်း အူမကြီးတွင် အနာဖြစ်သဖြင့် ခွဲစိတ်ကုသခဲ့ရာ သီတင်းပတ်များစွာ ဆေးရုံပေါ်၌ နေထိုင်ခဲ့ရသည်။ အမိတာဘချန်းသည် ၁၉၈၂ ခုနှစ်က Coolie အမည်ရှိ ရုပ်ရှင်ကားဇာတ်ဝင်ခန်းတစ်ခန်းကို ရိုက်ကူးစဉ် အပြန်အလှန်တိုက်ခိုက်မှု ဇာတ်ဝင်ခန်း၌ အမြင့်မှ ပြုတ်ကျခဲ့ရာ ဝမ်းဗိုက်တွင် အပြင်းအထန်ဒဏ်ရာရရှိခဲ့ပြီး သေလုနီးပါးဖြစ်ခဲ့သည်။

အမိတာဘချန်းသည် ကမ္ဘာ့အကျော်ကြားဆုံး အနုပညာရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် ထိပ်တန်းအနုပညာရှင်တစ်ဦးလည်း ဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီးလင်ဆိုယောင်း(၂၈)နှစ်ပြည့်ပြီ

ဆိုးလ် မေ ၁၁

ပရိသတ်များ နှစ်ခြိုက်အားပေးခဲ့ကြသည့် ရာဇဝင်တွင်မယ့် သူရဲကောင်းအမည်ရှိ တောင်ကိုရီးယား ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသမီးလင်ဆိုယောင်း**(ဝဲပုံ)**သည် မေ ၁၀ ရက်က သူမ၏(၂၈)နှစ်ပြည့် မွေးနေ့ပွဲကို ကျင်းပခဲ့သည်။

ရုပ်ရှင်မင်းသမီး လင်ဆိုယောင်း၏ မွေးနေ့ပွဲသို့ မိသားစုများ အပါအဝင် အနုပညာရှင်အချို့လည်း တက်ရောက်ကာ မွေးနေ့ဆုတောင်းများ ပေးခဲ့ကြသည်။ လင်ဆိုယောင်းသည် ၂၀၀၆ ခုနှစ်က ထုတ်လွှင့်ပြသခဲ့သော The Book of three Han ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မှုမှစတင်ကာ အနုပညာလောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

လင်ဆိုယောင်းသည် လောလောဆယ်တွင် Rooftop Prince ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားပြီး Man of Equator ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားရာ ထူးခြားသောသရုပ်ဆောင်မှုများကြောင့် လင်ဆိုယောင်းသည် ပရိသတ်များ၏အားပေးမှုကို ရရှိနိုင်မည်ဟု မျှော်လင့်ထားသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ-စုစည်းသည်

ပရီမီယာလိဂ်ပွဲစဉ်(၃၃) ဆက်လက်ယှဉ်ပြိုင် လီဗာပူးတို့ ၁၀ ဦးတည်းနှင့် အနိုင်ရအောင်ကစားနိုင်ခဲ့



လန်ဒန် မေ ၁၁

ပရီမီယာလိဂ်ပွဲစဉ် (၃၃)ကို မေ ၁၁ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘလက်ဘန်းနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ယာပုံ)**

နိုင်ပွဲရရန်လိုအပ်နေသော လီဗာပူးတို့အဝေးကွင်း၌ အဖွင့်ဂိုးစောစီးစွာ သွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၁၃ မိနစ်၌ပင် ရိုဒရီဂွတ်ဇ်က ဂိုးသွင်းယူခဲ့သဖြင့် လီဗာပူးတို့ တစ်ဂိုးစတင်ရရှိခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၁၆ မိနစ်၌ ရိုဒရီဂွတ်ဇ်ကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် နှစ်ဂိုးအသာဖြင့် လီဗာပူးတို့ ဦးဆောင်နိုင်ခဲ့သည်။

နစ်နာ

သို့သော် ပွဲချိန် ၂၅ မိနစ်၌ လီဗာပူးမှ ဂိုးသမား ဒိုနီကစားပုံကြမ်းတမ်းသဖြင့် အနီကတ် တိုက်ရိုက်ပြကာအထုတ်ခံခဲ့ရပြီး ဘလက်ဘန်းတို့ ပယ်နယ်တီရရှိခဲ့ရာ ယာကူဘူကန်သွင်းသော်လည်း ဂိုးမဝင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ သို့ရာတွင် ပွဲချိန် ၃၆ မိနစ်၌ ယာကူဘူက ခေါင်းတိုက်၍ တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်အပြီး လီဗာပူးတို့က နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

မျက်နှာပန်းလှ

ဒုတိယပိုင်းပွဲချိန်အတွင်း ဘလက်ဘန်းတို့ချေပဂိုးရရှိရေးကြိုးစားခဲ့ရာမှ ပွဲချိန် ၆၁ မိနစ်၌ ပယ်နယ်တီရရှိခဲ့ရာ ယာကူဘူကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ပြီး ဒုတိယချေပဂိုး သွင်းယူနိုင်ခဲ့သည်။ ၁၀ဦးတည်းနှင့်ကစားနေရသော လီဗာပူးတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး ကစားအားတင်ခဲ့ရာမှ ပွဲချိန်မိနစ် ၉၀ ၌ ကာရိုးက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ပွဲအပြီး လီဗာပူးတို့ သုံးဂိုး-နှစ်ဂိုးဖြင့် ထိုက်ထိုက်တန်တန်အနိုင်ရရှိကာ အဖိုးတန်သုံးမှတ်ကိုပိုက်ပြီး အိမ်အပြန်မျက်နှာပန်းလှခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘာစီလိုနာဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ ရိုမေးနီးယားတင်းနစ်မယ် ဟာလက်အနိုင်ရ

ဘာစီလိုနာ မေ ၁၁

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် မေ ၁၀ ရက်က စတင်ကျင်းပသော ဘာစီလိုနာ ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ အမျိုးသမီးပထမအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရာ ရိုမေးနီးယားတင်းနစ်မယ် ဆီမိုနာဟာလက်က အမေရိကန်တင်းနစ်မယ် စတီဖန်စ်အား အနိုင်ရရှိသွားခဲ့သည်။

ယှဉ်ပြိုင်ကစား

ဆီမိုနာဟာလက်သည် စတီဖန်စ်အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲအနိုင်ရရှိရန် ဆီမိုနာဟာလက်သည် တစ်နာရီကျော်မျှ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။

နောက်ထပ်ပွဲစဉ်အဖြစ် အီတလီတင်းနစ်မယ်ဗင်စီနှင့် ပြင်သစ်တင်းနစ်မယ် ဂျိုဟန်ဆင်တို့ပွဲတွင် ဗင်စီက ၁-၆၊ ၆-၁၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အတူ အီတလီတင်းနစ်မယ် ဆာရာအီရာနီနှင့် ရိုမေးနီးယားမှ အီရီနာဘီရူတို့ပွဲတွင် အီရာနီက ၇-၆(၇/၅)၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး ဒုတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသည်။ **(အင်တာနက်)**

ဘာစီလိုနာတိုက်စစ်မှူးမက်ဆီ(လယ်) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

ဘာစီလိုနာတို့ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိ

မက်ဒရစ် မေ ၁၁

စပိန်လာလီဂါပွဲစဉ်များကို မေ ၁၁ ရက်နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာနှင့် ဂီတာဖေးအသင်းတို့တွင် ဘာစီလိုနာက လေးဂိုးပြတ်ဖြင့်နိုင်ပွဲရရှိခဲ့ပြီး ထိပ်ဆုံးရီးရဲမက်ဒရစ်အား ထပ်မံဖိအားပေးနိုင်ခဲ့ပြန်သည်။ အိမ်ကွင်း၌ ကစားရသော ဘာစီလိုနာတို့ အမှတ်ပြည့်ရရှိရန် ပွဲစတင်ကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ရာ ပွဲချိန် ၁၃ မိနစ်၌ ဆန်ချက်က ဗွေဆော်ဦးအဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၄၄ မိနစ်၌ မက်ဆီက ဘာစီလိုနာအတွက် ဒုတိယဂိုးကိုသွင်းယူပေးနိုင်ခဲ့သည်။ ဂီတာဖေးတို့ ချေပဂိုး မသွင်းနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၇၃ မိနစ်၌ ဆန်ချက်က တစ်ဂိုးထပ်မံသွင်းယူလိုက်ပြီး ဆက်တိုက်ဆိုသလိုပင် ရိုဒရီကွတ်ဇ်က ၇၅ မိနစ်၌ တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဘာစီလိုနာတို့ လေးဂိုးရရှိခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ ဂီတာဖေးတို့ချေပဂိုးများ မသွင်းနိုင်ခဲ့သဖြင့် ဘာစီလိုနာတို့ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး သုံးမှတ်အပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်အဖြစ် အိုဆာဆူနာနှင့် အက်စ်ပန်ညိုတို့ပွဲတွင် အိုဆာဆူနာက နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ရီးရဲဆိုစီဒက်နှင့် ရီးရဲဘက်တစ်တို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

ရိုမေးနီးယားတင်းနစ်မယ် ဟာလက်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက် ဦးပိုင်အမှတ် (၈)၊ ဧရိယာ ၀ ဒသမ ၀၈၁ ဧကမြေကွက်တည်နေရာအမှတ်(-)၊ ဦးဘွားလမ်းနှင့် မောင်ခင်လမ်း၊ ရွှေချီရပ်၊ ပျဉ်းမနားမြို့ရှိ ဒေါ်ယုမွန်ကျော်လှပါ-၂ အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးထွန်းဝင်း နိုင်ငံသား စိစစ်ရေးအမှတ် ၁၂/လမတ(နိုင်) ၀၂၉၄၈၃ အဖအမည် ဦးမောင်အေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်/ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်(၉)ရပ်ကွက်၊ ရှမ်းစု(၂)လမ်း၊ အမှတ်(၂၃)ဟု ခေါ်တွင်သော ဦးပိုင်အမှတ်(၅၂)၊ မြေကွက်အမှတ် (၃၁)၊ ဧရိယာ အလျား ပေ ၃၀၊ အနံ ပေ ၄၀ ရှိ အိမ်ခြံမြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စ။

အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်အပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စိုးမြင့် ၁၂/လမန(နိုင်)၀၆၉၂၂၄မှ ပိုင်ဆိုင် နေထိုင်လျက်ရှိပါသည်ဟု ဝန်ခံပြောဆိုပြီးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ကာလတန်ဖိုးဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေနှင့်အိမ် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ တစ်နည်းနည်းဖြင့် သက်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ကျွန်တော့်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွလာရောက် ပြသကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးမြဘူး

ဦးအေမ်ရာန်(စဉ်-၂၈၄၇၆)
ရှေ့နေနှင့်ဥပဒေအကြံပေး
ဖုန်း-၀၉-၄၉၂၇၉၅၈၇

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၅၊ အကွက်(၁)၊ ဦးပိုင် (၁၃၇) ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒေါ်ခင်ကြည်၊ ဒေါ်ကြူကြူသိန်း အမည်ပေါက် မြေငှား ဂရန်မူရင်း ပျောက်ဆုံးသဖြင့် မိတ္တူမှန် ဂရန်ထုတ်ပေးရန် ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူးရုံးတွင် လျှောက်ထားလာခြင်းအား ၁၀ရက်အတွင်း အထောက်အထားများတင်ပြ၍ ဂရန်သစ်ထုတ်ပေးခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဂရန်မှန်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်ရုံး

ကျေးဇူးဆပ်ပါမည်

ကျွန်မ မနန်အောင် ကိုင်ဆောင်သော ပတ်စ်ပို့စာအုပ် အမှတ် ၉၀၂၀၈၆ သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၀၉-၄၃၀၄၂၀၇၉

ပျောက်ဆုံးခြင်း

ကျွန်တော်ကိုနိဇကမ်း မှတ်ပုံတင်အမှတ် ၄/တတန(နိုင်)၀၁၄၁၆၉ ကိုင်ဆောင်သော နိုင်ငံကူးစာအုပ်သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၂၂၂၂၇၊ ၆၅၀၈၉၉

စာအုပ်စာပေ လူ့မိတ်ဆွေ

ဒလမြို့နယ် မဟာသင်္ကြန်ပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၌ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ညနေ ၅ နာရီမှ ၁၀ နာရီအထိ ယိမ်းအဖွဲ့ ၁၄ဖွဲ့က အကနှင့် တေးဂီတဖျော်ဖြေပွဲများ ဖျော်ဖြေမည်ဖြစ်ပြီး ရေကစားမဏ္ဍပ်နှစ်ခုတွင် ရပ်ကွက် ငါးရပ်ကွက်စီ အလှည့်ကျ ရေကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရေကိုသုံးပါ၊ သို့သော် မပြုန်းတီးပါစေနှင့်

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကြီးကို မကြာမီရောက်လာပါတော့မည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်တဲ့အတွက် တစ်နိုင်ငံလုံး၊ တစ်တိုင်းပြည်လုံး တောရော၊ မြို့ပါမကျန် ပြည်သူအားလုံးက အတာရေသဘင်ပွဲတော်ကို ပျော်ပျော်ပါးပါးကြီး ဆင်နွှဲကြတော့မှာဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ပီပြင်ပေါ်လွင်စေရေးအတွက် သက်ဆိုင်ရာကလည်း ကြိုတင်ညှိနှိုင်း ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။

ကိုယ့်ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အချိန်အခါမို့လို့ အစဉ်အလာအတိုင်း ရိုးရာမပျက် ရိုးရိုးနဲ့ ယဉ်ယဉ်သိမ်သိမ်မွေ့မွေ့ ရေကစားကြမှာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေမိပါတယ်။

သို့သော်လည်း ကာလရွေ့လျားလာသည်နှင့်အမျှ မြို့ကြီး၊ ပြကြီးတွေမှာ ပိုက်ကြီး၊ ပိုက်ငယ်အသွယ်သွယ်နဲ့ အချိန်ကြာမြင့်စွာ ကြမ်းကြမ်းတမ်းတမ်း ရေကစားလာခြင်း၊ ခွင့်ပြုချက်မရှိဘဲ ရေအရင်းအမြစ်ရှိရာ ရေထွက်ပေါက်များမှ တစ်ဆင့် ရေဖွင့်ဖောက်ဆက်သွယ် ရေကစားခြင်းမျိုး လုပ်ဆောင်နေကြပါတယ်။ ဤသည်ကို ရေကစားကြသူများဘက်က မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ယဉ်ယဉ်ကျေးကျေး ရေကစားခြင်း၊ သတ်မှတ်စည်းကမ်းများကို တိတိကျကျ လိုက်နာခြင်းအပြင် သက်ဆိုင်ရာကပါ ကြပ်မတ်စစ်ဆေးအရေးယူခြင်းဖြင့် ရေကစားရင်း ရေအလဟဿ မဖြုန်းတီးရေးကိုပါ အသိနှင့်ယှဉ်ဆောင်ရွက်သင့်ပါတယ်။

အကြောင်းအရင်းက ရေကို ချွေတာသုံးခြင်းဖြင့် မြို့ကြီး၊ ပြကြီးတွေမှာ နေ့စဉ်တိုးတက်များပြားလာတဲ့ မြို့နေသူတွေအတွက် လိုအပ်တဲ့သောက်ရေ၊ သုံးရေတို့အပြင် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးငြိမ်းသတ်ရန်ရေကို ကြိုကြိုတင်တင် သိုမှီးပြီးသားဖြစ်တာရယ်၊ အရှည်သဖြင့် အသုံးပြုသွားရမယ့် ရေအရင်းအမြစ်များ၊ ရေထွက်ပေါက်များ မပြုန်းတီး၊ မပျက်စီးရေးထိန်းသိမ်းကာကွယ်ရာ ရောက်စေသည့် အကြောင်းတွေကြောင့် ဖြစ်ပါတယ်။

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ရေကစားမဏ္ဍပ်များအနေဖြင့် ပါရမီလမ်း၌ နှစ်နေရာ၊ အလုံလမ်း၌ သုံးနေရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ တစ်နေရာ၊ ပြည်လမ်း၌ လေးနေရာ၊ ကမ္ဘာအေးစေတီလမ်း၌ ကိုးနေရာ၊ စက်မှု(၁)လမ်း၌ နှစ်နေရာ၊ ဆရာစံလမ်း၌ သုံးနေရာနှင့် ကန်တော်ကြီး ကန်ပတ်လမ်း၌ နေရာ ၂၀ စုစုပေါင်းရေကစားမဏ္ဍပ် ၄၀ ကျော် ဆောက်လုပ်ခွင့်ပြုသွားမည်ဟု သိရပါတယ်။

အဲဒီရေကစားမဏ္ဍပ်များက ရေသွယ်ယူ ရေကစားရာတွင် ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းတို့မှ ရေကစားမဏ္ဍပ်များသည် အင်းလျားကန်ရေအရင်းအမြစ်မှ ရေကိုလည်းကောင်း၊ ကန်တော်ကြီး ကန်ပတ်လမ်းမှ ရေကစားမဏ္ဍပ်များသည် ကန်တော်ကြီးကန် ရေအရင်းအမြစ်မှ ရေကိုလည်းကောင်း၊ ကျန်ရေကစားမဏ္ဍပ်များသည် အဝီစိတွင်းမြေအောက်ရေများနှင့် လှော်ကား၊ ဖူးကြီး၊ ဂျိုးဖြူနှင့် ငမိုးရိပ်စသည့် ရေလှောင်ကန်များမှ ဖြန့်ဝေပေးလျက်ရှိသော ရေပိုက်လိုင်း ရေအရင်းအမြစ်များမှရေကို သတ်မှတ်အရွယ်အစားပိုက်များဖြင့်သာ ဆက်သွယ်အသုံးပြုရမည်ဖြစ်သည်။ အလားတူ မန္တလေးမြို့၌လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် နန်းမြို့ကျုံးပတ်လည်၌ အလှုပြမဏ္ဍပ်လေးခု၊ ရေကစားမဏ္ဍပ် ၃၁ ခု၊ မြို့တွင်း၌ အလှုပြရေကစားမဏ္ဍပ်တစ်ခု စုစုပေါင်းမဏ္ဍပ် ၃၆ ခု ဆောက်လုပ်ပြီး နန်းမြို့ကျုံးမှ ရေအရင်းအမြစ်ကို အဓိကရယူ၍ ရေကစားကြမည်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတစ်နေ့တခြား တိုးတက်များပြားလာနေသည်။ ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တောသယံဇာတထုတ်ယူသုံးစွဲမှု များပြားခြင်း၊ လူတို့၏ ပယောဂမကင်းသည့် မီးလောင်ဆုံးရှုံးခြင်းတို့ကြောင့် သစ်တောများပြုန်းတီးလာခြင်းတို့နှင့်အတူ ရေချိုရှားပါးလာသည်။ ရေချိုကန်များ၊ ရေလှောင်ကန်များ ခန်းခြောက်နည်းပါးလာနေသည်။ တစ်ဆက်တည်းတွင် ရေအရင်းအမြစ်များ ရေချိုထွက်ပေါက်များ ပြုန်းတီးပျက်စီးလာနေသည်ကို အထင်အရှားမြင်တွေ့သိရှိနေရသည်။ ဤသည်ကို နိုင်ငံအကြီးအကဲများ၊ ပညာရှင်များ၊ သုတေသီများက ရေအရင်းအမြစ်ထိန်းသိမ်းကာကွယ်ရေးအတွက် ကြိုးပမ်းနေကြပြီဖြစ်သည်။

ထိန်းသိမ်းသွား

မြန်မာလူမျိုးတို့၏ အမြတ်တနိုးတန်ဖိုးထားသည့် မြန်မာ့ရိုးရာအတာသင်္ကြန် အရပ်ဆိုးအကျည်းတန်လည်း မဖြစ်၊ ရေပြုန်းတီးမှုကိုလည်း ကာကွယ်ရာရောက်စေရေးအတွက် မိမိတို့ရေကစားကြသူအားလုံး ပိုက်ကြီး၊ ပိုက်ငယ်အသွယ်သွယ်ဖြင့် အချိန်ကြာမြင့်စွာ ရေကစားခြင်းထက် ရှေးယခင်ကကဲ့သို့ မဟုတ်သော်လည်း ခေတ်နှင့်အညီ ရိုးရိုးနှင့်ယဉ်ယဉ် ယဉ်ကျေးသိမ်မွေ့စွာ ယဉ်ယဉ်ကျေးကျေး ရေကစားကြခြင်းဖြင့် ရေကိုချွေတာရာရောက်စေသည့် ရေအရင်းအမြစ်မပြုန်းတီးရေးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန် လိုပါသည်။

သို့မှသာ မြို့နေလူဦးရေအတွက် အရေးပေါ်လိုအပ်သည့် သောက်ရေ၊ သုံးရေနှင့် မီးဘေးအန္တရာယ်ကြုံလာပါက မီးငြိမ်းသတ်ရေးတွင် အသုံးပြုနိုင်သည့် ရေကို သိုမှီးစုဆောင်းပြီးသားဖြစ်နေမည်။ ၂၀၁၀ ခုနှစ် မေလတွင်ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာအဆင့်မြင့်ဈေးကြီး မီးလောင်စဉ်တွင် ကန်တော်ကြီးရေအအရင်းအမြစ်မှ စုဆောင်းသိုမှီးထားသည့် ရေဂါလန်သန်းပေါင်းများစွာဖြင့် မီးငြိမ်းသတ်ခဲ့ရမှုကြောင့် ကြီးမားသောမီးလောင်ဆုံးရှုံးမှုဘေးမှ ကာကွယ်နိုင်ခဲ့သည်ကို အားလုံးက အမှတ်တရရှိနေဦးမည်ဖြစ်ပါကြောင်း။ ။ (ကိုချစ်)

◆ ကျော့ဖိုးမှ

ဝတ်ဆင်ထားပါတယ်။ ဒါဟာ အဆိုတော်ရီဟာန်နားရဲ့ စတိုင်တဲ့။ ရီဟာန်နားနဲ့ ဘရွတ်ကလင်း ဒက်ကာတို့ဟာ ဂီတသမား အနုပညာရှင်တွေ ဖြစ်ကြပေမယ့် အလွန်မရင်းနှီးခဲ့ကြပါဘူးတဲ့။ ဒီတစ်ခါတော့ မရင်းနှီးချင်လို့ မရတော့ပါဘူး။ ဆစ်ဒနီမြို့ရဲ့ ဟိုတယ်ခန်းတစ်ခန်းမှာ နှစ်ယောက်အတူတူနေကြလို့ပါပဲ။ နောက်တစ်နေ့မနက်မှာ သူတို့နှစ်ယောက်ဟာ ဆစ်ဒနီ မြို့ရဲ့နာမည်ကျော် ရုပ်ရှင်ရုံတစ်ရုံကိုသွားပြီး သူတို့နှစ်ယောက် ပါဝင်ရိုက်ကူးခဲ့တဲ့ Battleship ရုပ်ရှင်ဇာတ်ကားအရောင်းမြှင့်တင်ရေးလုပ်ဖို့ အတူသွားရောက်ခဲ့ကြပါတယ်။ ဒီဇာတ်ကားကိုလာမယ့် မေ ၁၈ ရက်မှာ ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိမှာဖြစ်ကြောင်း သိရပါတယ်။ (အင်တာနက်)

■ ကျော့ဖိုးမှ

ဗဟိုပြု၍ လှုပ်သွားခဲ့ခြင်းဖြစ်ကြောင်း အာချေးငလျင်တိုင်းတာရေးဌာနမှ သတင်းထုတ်ပြန်သည်။

ငလျင်အင်အား ပြင်းထန်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် မြေကြီးတုန်ခါမှု ၅ မိနစ်ခန့်အထိ ဖြစ်သွားခဲ့ပြီး အိန္ဒိယသမုဒ္ဒရာ ကမ်းရိုးတန်းဒေသများတစ်လျှောက် ငလျင်ဒဏ်ကြောင့် တုန်ခါလှုပ်ယမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ကမ်းရိုးတန်းဒေသနှင့် ကမ်းခြေဒေသအနီး ပြည်သူများအား ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားပြီး ဘေးကင်းရာသို့ ရှောင်တိမ်းရန် အသင့်ရှိနေကြရေး သတိပေးထားသည်။ အမျိုးသားသဘာဝဘေး ကယ်ဆယ်ရေးနှင့်ကူညီရေးအဖွဲ့များကလည်း အာချေးပြည်နယ်သို့ အရေးပေါ်ကယ်ဆယ်ရေးထွက်ခွာရန်အတွက် အသင့်အနေအထား ပြင်ဆင်ထားသည်။

ငလျင်ဒဏ်နှင့် ဆူနာမီဖြစ်ပေါ်နိုင်မှု သတိပေးချက်များကြောင့် အာချေးပြည်နယ်ရှိမြို့များပေါ်တွင် မြို့နေပြည်သူများ ကြောက်လန့်တကြား ပြေးထွက်လျက်ရှိပြီး မော်တော်ယာဉ်များဖြင့် ဘေးကင်းရာ ရှောင်တိမ်းနေမှုများကြောင့် ကားလမ်းများပိတ်ဆို့လျက်ရှိနေသည်။

ယင်းငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ပါက စင်ကာပူ၊ ထိုင်း၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများအထိပါ ဆူနာမီရေလှိုင်းများ ရောက်ရှိနိုင်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ မိမိတို့နိုင်ငံအထိ ငလျင်လှုပ်ခတ်မှုဒဏ်ဖြစ်သည့် အဆောက်အအုံများ ယိမ်းထိုးသွားမှု ဖြစ်ပေါ်ခဲ့သည်ဟု အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှ အမျိုးသားတစ်ဦးက ပြောကြားသည်။

လူများ အထပ်မြင့် အဆောက်အအုံများပေါ်မှ ပြေးလွှားဆင်းခဲ့သော်လည်း ဓာတ်လှေကားများကို အသုံးမပြုခဲ့ကြကြောင်း၊ မိနစ်အနည်းငယ်ကြာ အဆောက်အအုံများ ယိမ်းထိုးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အတူ ထိုင်းနိုင်ငံ ဖူးခက်၊ ဖန်နားနှင့် အန်ဒါမန်ပြည်နယ် ကမ်းခြေဒေသများတွင် နေထိုင်သော ဒေသခံများအား ဆူနာမီသတိပေးချက်နှင့် ဘေးကင်းရာရှောင်တိမ်းရေးသတိပေးချက်များ ထုတ်ပြန်ထားကြောင်း ထိုင်းနိုင်ငံ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးအရာရှိတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေတွင် ၂၀၀၄ ခုနှစ်က ဆူနာမီဒဏ် ကြုံတွေ့ခံစားရပြီးနောက်ပိုင်း သဘာဝဘေးဒဏ်ကြုံတွေ့ရပါက ဘေးကင်းရာဇုန်သို့ ရှောင်တိမ်းရန် ကြိုတင်လေ့ကျင့်ပေးထားပြီးဖြစ်သည်။ ယခု အင်အားပြင်း ငလျင်လှုပ်သည့် အာချေးပြည်နယ်တွင် ၂၀၀၄ ခုနှစ်က ရစ်ချ်တာစကေး ၉ ရှိသော ငလျင်ကြောင့် ဆူနာမီရေလှိုင်းကြီးများဖြစ်ပေါ်ပြီး လူပေါင်း ၁၇၀၀၀၀ခန့် သေဆုံးခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ (အင်တာနက်)

● ကျော့ဖိုးမှ

ရီးရဲမက်ဒရစ်ကတော့ ချန်ပီယံလိဂ်ဖလားကို ကိုးကြိမ်ဆွတ်ခူးခဲ့တဲ့အသင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ဒီနှစ်ရာသီမှာ စပိန်လာလီဂါမှာရော ချန်ပီယံလိဂ်မှာပါ ခြေစွမ်းတွေ ဆက်တိုက်ပြနေတဲ့အသင်း တ စ်သင်းဖြစ်ပါတယ်။ ပြည်တွင်းလိဂ်မှာ ပြိုင်ဘက်ဘာစီလိုနာအသင်းကိုတောင် လေးမှတ်အသာနဲ့ ဦးဆောင်နေတဲ့အသင်း ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီပွဲဟာ ရီးရဲမက်ဒရစ်အတွက်တော့ ရလဒ်ကောင်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ သူတို့နှစ်သင်းဟာ ဧပြီ ၂၅ ရက်မှာ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ကစားကြမှာဖြစ်ပါတယ်။

အခြားအကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးက အိမ်ရှင်အဖြစ် ဘာစီလိုနာအသင်းကို ဧပြီ ၁၈ ရက်မှာ လက်ခံကစားမှာဖြစ်ပါတယ်။ ဒုတိယအကျော့ကိုတော့ ဧပြီ ၂၄ ရက်မှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဘာစီလိုနာနဲ့ ချယ်လ်ဆီးတို့ပွဲဟာ ပရိသတ်များ စိတ်ဝင်စားမှုအရှိဆုံး ပြိုင်ပွဲကောင်းတစ်ပွဲ ဖြစ်လာမယ်လို့ မျှော်လင့်ရပါတယ်။ (အင်တာနက်)

(၈၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၁

အမှတ် (၉၆၀) ဂျီအီး၊ မင်္ဂလာဒုံမြို့နယ်မှ စက်မောင်း(ဒု) ဦးဘသိန်း(ခ) မောင်ညို လူမှုထူးချွန်(တတိယဆင့်) သည် မတ် ၂၈ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ (၈၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် ခြင်းအသင်းမှ စုပေါင်း၍ ရွှေတိဂုံစေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ငွေကျပ် ၂၆သိန်းကို မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ခေတ္တ-ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်း၊ အထွေထွေအတွင်းရေးမှူး ဦးရဲအောင်နှင့် ခြင်းပညာရှင်၊ ခြင်းဝါသနာရှင်များအသင်းက ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးတင်သိန်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘဝအမောပြေ

မှတ်ဉာဏ်ကောင်းသူ

အာကာဟိန်း - ရေးသားသည်

အသက်အရွယ်ကြီးရင့်နေသော အဘိုးဖြစ်သူက သူ့မှတ်ဉာဏ်များကောင်းနေဆဲဖြစ်ကြောင်း မြေးဖြစ်သူအားခေါ်၍ ပြောလေသည်။

အဘိုး ။ ။ ငါ့မြေး ... လူတွေက ငါ့ကို မှတ်ဉာဏ်မကောင်းတော့ဘူး သတိမေ့တတ်နေပြီလို့ ပြောနေကြတယ်ဆို။

မြေး ။ ။ ဟုတ်တယ်. . . . ဘိုးဘိုး။

အဘိုး ။ ။ အဲဒါ... ငါ့ကိုအသက်ကြီးပြီဆိုပြီး အထင်သေးနေကြတာ။

မြေး ။ ။ ဟုတ်တာပေါ့။

အဘိုး ။ ။ ငါမှတ်ဉာဏ်ကောင်းကြောင်းပြောပြမယ်...၊ ငါ့မှာ သားသုံးယောက်၊ သမီးနှစ်ယောက်ရှိတယ်၊ မြေးငါးယောက်ရှိတယ်၊ အငယ်ဆုံး မြေးမိန်းကလေးက အသက် ၁၀ နှစ်ဖြစ်တယ်၊ လွန်ခဲ့တဲ့ နှစ်ရက်က မနက်စာကို ကြက်သားနဲ့စားတယ်... ညစာကို ကြက်ဥကြော်နဲ့ စားတယ်။ ကဲ... ငါပြောတာတွေက မှန်တယ် မဟုတ်လား။

မြေး ။ ။ မှန်တာပေါ့ ဘိုးဘိုး . . . ဘိုးဘိုးမှတ်ဉာဏ်တွေ ကောင်းတယ်။

အဘိုး ။ ။ ဒါ့ထက်...မင်းက ငါ့မြေးတော့ဟုတ်ပါပြီ။ မင်းအဖေ နာမည်က ဘယ်သူလဲ...

မြေး ။ ။ "ဗျာ"

အိုင်တီနည်းပညာသုတ

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

လီနိုဗိုက Tablet ကွန်ပျူတာထုတ်ပြီ

ပေကျင်း ဧပြီ ၁၁

ကမ္ဘာကျော်ကွန်ပျူတာ ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သော လီနိုဗို (Lenovo) က Idea Tab S209 ဟု အမည်ပေးထားသည့် ၉ ဒသမ ၇ လက်မရှိ တက်ဘလက် (Tablet) ကွန်ပျူတာကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၀ ရက်က အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ **(ဝဲပုံ)**

ပါဝင်

အဆိုပါ Tablet သည် အထူ ၈ ဒသမ ၉ မီလီမီတာရှိသည်။ စက္ကရင်အကျယ် ၉ ဒသမ ၇ ရှိသည်။ Tablet ၏ ကျောဘက်တွင် မစ်ဂါပစ်ဇဲလ် ၁ ဒသမ ၃ ရှိ ကင်မရာတစ်လုံးလည်းပါရှိသည်။ ထို့အပြင် စပီကာ၊ မိုက်ခရို USB Slot နှင့် မိုက်ခရို SD memory Slot တစ်ခုစီလည်း ပါဝင်သည်။

ယင်း Tablet ကို Android 4.0 ဆော့ဖ်ဝဲလ်တပ်ဆင်အသုံးပြုထားသည်။ အနည်းဆုံး ၁၀နာရီခန့်ကြာသုံးစွဲနိုင်သည့် ဘက်ထရီလည်းပါဝင်သည်။ဈေးကွက်သို့ ရောင်းချမည့်ရက်နှင့် တန်ဖိုးကို လီနိုဗိုက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ **(အင်တာနက်)**

ဓာတ်ပုံဖြန့်ဖြူးရေးကုမ္ပဏီ Facebook ကဝယ်ယူ

နယူးယောက် ဧပြီ ၁၁

ဖေ့စ်ဘုတ် (Facebook) ကုမ္ပဏီက ကမ္ဘာ့အကြီးဆုံး လူမှုရေးကွန်ရက်တွင် ဓာတ်ပုံများဖြန့်ဝေပေးနေသော အင်စတာဂရမ် (Instagram) ကုမ္ပဏီကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ဧပြီ ၁၀ ရက်တွင် သတင်းဖော်ပြထားသည်။ **(ယာပုံ)**

အင်စတာဂရမ်ကုမ္ပဏီသည် အွန်လိုင်းကိုအသုံးပြု၍ တစ်နေရာမှ တစ်နေရာသို့ ဓာတ်ပုံများပေးပို့ရာတွင် ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ ယင်းကုမ္ပဏီသည် ၁၉၇၀ပြည့်လွန်နှစ်များသို့မဟုတ် Polaroid Camera နှင့်ရိုက်ကူးထားသည့် ဓာတ်ပုံများကိုပင် ဖြန့်ဖြူးပေးနေသည့် ကုမ္ပဏီဖြစ်သည်။ ၂၀၁၁ ခုနှစ်က လူပေါင်းသန်း ၃၀ ကျော် ၎င်းဝက်ဘ်ဆိုက်မှတစ်ဆင့် ဓာတ်ပုံများ၊ ဖိုင်များပြုလုပ်၍ ပေးပို့ခဲ့သည်ဟုဆိုသည်။

ဆွဲယူနိုင်

မိုဘိုင်းလ်ဖုန်းအသုံးပြုကြသူများသည် အင်စတာဂရမ်မှ ဖြန့်ဝေဝန်ဆောင်မှုပေးသော ဓာတ်ပုံများကို ယင်းတို့၏ မိုဘိုင်းလ်ဖုန်းများထဲသို့ ဆွဲယူနိုင်သည်။ ၂၀၁၁ ခုနှစ်၌အက်ပဲလ်ကုမ္ပဏီက အင်စတာဂရမ်ကုမ္ပဏီအား iPhone App of the year ဆုချီးမြှင့်ခဲ့သည်။ Facebook က Instagram ဝက်ဘ်ဆိုက်အသုံးပြုသူတိုင်းအတွက် ဝန်ဆောင်ခများ ပေးဆောင်နေရသည်ဟုဆိုသည်။ ယခု Facebook က Instagram ကုမ္ပဏီကိုအပြီးအပြတ် ဝယ်ယူလိုက်ပြီဖြစ်၍ နောင်တွင် Facebook က Instagram ဝက်ဘ်ဆိုက်အသုံးပြုခများကိုပါ ရရှိလာတော့မည်ဟုဆိုသည်။ Facebook ကုမ္ပဏီသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မန်လိုပတ်ခ်၌တည်ရှိသည်။ **(အင်တာနက်)**

အာကာကျော် – စုစည်းသည်

တရုတ်(တိုင်ပေ)ကုမ္ပဏီ စမတ်ဖုန်းထုတ်လုပ်ပြသ

တိုင်ပေ ဧပြီ ၁၁

တရုတ်(တိုင်ပေ)မိုဘိုင်းလ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီ HTC က နောက်ဆုံးပေါ် စမတ်ဖုန်းအမျိုးအစားတစ်မျိုးကို ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ၎င်းစမတ်ဖုန်းကို HTC EVO 46 LTE ဟုအမည်ပေးထားသည်။ **(အပေါ်ပုံ)**

စီစဉ်

၎င်းစမတ်ဖုန်း၏ စက္ကရင်အကျယ်သည် ၄ ဒသမ ၇ HD ရှိသည်။ ပုံထွက်ကောင်းသောကင်မရာနှင့် အသံထွက်ကောင်းသော စပီကာနည်းပညာများလည်း ပါရှိသည်။ ယင်းစမတ်ဖုန်းကို မကြာမီ ဈေးကွက်များသို့ တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိသည်။ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၉၉ ဖြစ်သည်။ လာမည့် မေ ၇ ရက်တွင်ဈေးကွက်သို့တင်ပို့ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ဆက်တိုက်ထုတ်လုပ်

HTC ကုမ္ပဏီသည် ကိုယ်ပိုင်စမတ်ဖုန်းများကို ထုတ်လုပ်ရောင်းချလာသည်။ အက်ပဲလ်မှ iPhone ၊ Google မှ Nexus One တို့နှင့်အပြိုင် စမတ်ဖုန်းများ ဆက်တိုက်ထုတ်လုပ်ပေးလျက်ရှိသည်။ **(အင်တာနက်)**

အာကာသသိပ္ပံ

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

အာကာဟိန်း–စုစည်းသည်



ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်ဆုံး အာကာသအဝေးကြည့်မှန်ပြောင်းကြီး တည်ဆောက်မည်

ဂျိုဟန်နစ္စဘတ် ဧပြီ ၁၁

တောင်အာဖရိကနှင့် ဩစတြေးလျ နှစ်နိုင်ငံတို့ပူးတွဲပြီး ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်ဆုံး အာကာသအဝေးကြည့် မှန်ပြောင်းသစ်ကြီးတစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဧပြီ ၁၀ ရက်က သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ကြည့်ရှုလေ့လာနိုင်

၎င်းအာကာသအဝေးကြည့်မှန်ပြောင်းကြီးသည် အခြားအဝေးကြည့်မှန်ပြောင်းများထက် အဆပေါင်း ၁၀၀၀၀ ခန့် ပိုမိုမြန်ဆန်စွာ အနုစိတ်ကြည့်ရှုလေ့လာနိုင်ပြီး အဆိုပါ အာကာသအဝေးကြည့်မှန်ပြောင်းကြီး တည်ဆောက်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆ ဘီလီယံခန့်ရှိမည်ဖြစ်သည်။

ထိုသို့တည်ဆောက်ခြင်းသည် အာကာသရေးရာလေ့လာမှုများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အာကာသရေးရာသိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ကြောင်း တောင်အာဖရိက သိပ္ပံရေးရာဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အမြင့်မားဆုံး

တောင်အာဖရိကနိုင်ငံအနေဖြင့် အခြားအာဖရိကနိုင်ငံများသို့ အာကာသရေးရာပညာရပ်များနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်အတွက် ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်မားဆုံး အာကာသအဝေးကြည့်မှန်ပြောင်းကြီးကို တည်ဆောက်ခြင်းဖြစ်ကြောင်း ၎င်းသတင်း၌ပါရှိသည်။ **(အင်တာနက်)**

ကမ္ဘာဂြိုဟ်အနီး ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခု နာဆာမှလေ့လာရေးယာဉ်စေလွှတ်မည်

နယူးယောက် ဧပြီ ၁၁

ကမ္ဘာဂြိုဟ်အနီးတွင် ဖြစ်တည်နေသော ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခု **(ယာပုံ)** ကိုလေ့လာရန် နာဆာက ၂၀၁၆ခုနှစ်၌ အာကာသလေ့လာရေးယာဉ် တစ်စင်း စေလွှတ်ရန် စီစဉ်ထားကြောင်း ဧပြီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။



အဆိုပါခရီးစဉ်ကို အိုစီရစ်-ရက်စ်ဟု အမည်ပေးထားပြီး စက်ရုပ်လက်တံတစ်ခုလည်းပါရှိသွားမည်ဖြစ်ရာ ၎င်းဂြိုဟ်သိမ်ဂြိုဟ်မွှားမှ နမူနာကျောက်တုံးကျောက်ခဲ အပိုင်းအစများကို ကမ္ဘာမြေသို့သယ်ဆောင်လာခဲ့မည်ဖြစ်သည်။

ယင်းခရီးစဉ်အောင်မြင်ပါက လူလိုက်ပါသောအာကာသယာဉ်ဖြင့် ၎င်းဂြိုဟ်သိမ်ဂြိုဟ်မွှားသို့စေလွှတ်ကာ အသေးစိတ်လေ့လာစူးစမ်းမှုများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အနာဂတ်ကာလ၌ ကမ္ဘာဂြိုဟ်အနီး ဂြိုဟ်ငယ်များအား အာကာသယာဉ်မှူးများ လေ့လာမှုများပြုလုပ်သွားမည်ဖြစ်သည်။

နာဆာအဖွဲ့တွင် ယခုအခါ လမျက်နှာပြင်မှ ကျောက်တုံးကျောက်ခဲ အပိုင်းအစများ၊ ဗီးနပ်စ်ဂြိုဟ်မျက်နှာပြင်မှ ကျောက်တုံးကျောက်ခဲအပိုင်းအစများနှင့် အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ကျောက်တုံးကျောက်ခဲအပိုင်းအစများကို စုဆောင်းထားနိုင်ခဲ့ပြီး လေ့လာမှုများပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

ပလူတိုဂြိုဟ်မျက်နှာပြင်တွင် ထူးခြားသော ရောင်ခြည်လိုင်းဖြစ်ပေါ်



ဝါရှင်တန် ဧပြီ ၁၁

ပလူတိုဂြိုဟ်၏ မျက်နှာပြင်တွင် ထူးခြားသော ရောင်ခြည်လိုင်းတစ်မျိုး ဖြစ်ပေါ်လျက်ရှိကြောင်း အမေရိကန်နီဘရာစကာ ဝက်စ်လေယန်တက္ကသိုလ်မှ အာကာသသုတေသနပညာရှင်များက ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါရောင်ခြည်လိုင်းသည် ပလူတို၏မျက်နှာပြင်၌ တံလျှပ်ထသကဲ့သို့ ဖြစ်ပေါ်နေပြီး နေဂြိုဟ်မှထွက်ပေါ်လာသော အလင်းတန်းများရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်နေခြင်း ဖြစ်နိုင်သည်ဟုလည်း ၎င်းတို့က ပြောကြားသည်။

၎င်းရောင်ခြည်လိုင်းအတွင်း မီသိန်း၊ နိုက်ထရိုဂျင်နှင့် ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့များလည်း ရောနှောပါဝင်လျက်ရှိကြောင်း နီဘရာစကာဝက်စ်လေယန်မှ အာကာသသုတေသနပညာရှင် ဒေါက်တာဂျွန်စပင်သာက ပြောကြားသည်။

ယင်းသုတေသနပညာရှင်များသည် ဟူဘယ်အာကာသအဝေးကြည့် မှန်ပြောင်းကို အသုံးပြုကာ ပလူတို၏ထူးခြားရောင်ခြည်လိုင်းနှင့် ပုံရိပ်များကို ဆက်လက်သုတေသနပြုလျက်ရှိကြောင်း၊ နာဆာမှ နယူးဟိုရိဇွန်အာကာသလေ့လာရေးယာဉ်**(ဝဲပုံ)**ကလည်း ပလူတိုဂြိုဟ်သို့ လေ့လာရေးသွားရောက်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

စစ်ကိုင်းတိုင်းဒေသကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် နာဂလက်နက်ကိုင် NSCN(K)မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်း

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို သက်ဆိုင်ရာ နယ်မြေဒေသအသီးသီး၌ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၏ စေ့စပ်ညှိနှိုင်းစီစဉ်ပေးမှုဖြင့် ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ တပ်နယ်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင် ဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင် ငါးဦးနှင့် နာဂလက်နက်ကိုင် NSCN(K) မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင် Y.ဝမ်းတင်နာဂ ဦးဆောင်သော အဖွဲ့ဝင်ခုနစ်ဦးတို့သည် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းရန်ကိစ္စရပ်များအား အပြန်အလှန် ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဆွေးနွေးပွဲ၏ ရလဒ်အဖြစ် အချက် (၅)ချက်ပါဝင်သော ပဏာမသဘောတူညီချက်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်များမှာ-

(က) တပ်မတော်နှင့်နာဂလက်နက်ကိုင် NSCN(K) အဖွဲ့တို့သည် ၂၀၁၂ ခုနှစ် ဧပြီလ ၉ ရက်နေ့မှစ၍ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန်။

စစ်ကိုင်းတိုင်းဒေသကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် နာဂလက်နက်ကိုင် NSCN(K) မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ခန္တီးမြို့ တပ်နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြစဉ်။ (သတင်းစဉ်)

(ခ) နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆို၊ ဆက်ဆံ၊ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နာဂလက်နက်ကိုင် NSCN(K) အဖွဲ့၏ ဆက်ဆံရေးရုံးကို နှစ်ဖက်သဘောတူညီသော ခန္တီးမြို့တွင် ဖွင့်လှစ်ရန်။

(ဂ) အပစ်အခတ်ရပ်ဆိုင်းထားစဉ်ကာလအတွင်း နှစ်ဦးနှစ်ဖက်သဘောတူညီထားသောနေရာများမှအပ နယ်မြေကျော်လွန်၍ လက်နက်ကိုင်ဆောင် သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်။ စာမျက်နှာ ၈ ကော်လံ ၄ ✻

မြန်မာ့အလင်း နိုင်ငံတကာဂီတ ကောင်းမြတ်သူ - ရေးသားသည်

ရုပ်ရှင်ဇာတ်ကားပရိုမိုးရှင်းလုပ်တဲ့ အဆိုတော်ရီဟန်နား

လော့စ်အိန်ဂျလိစ် ဧပြီ ၁၁

အသက် ၂၄ နှစ်ရှိ R&B အဆိုတော် ရီဟန်နားနဲ့ အသက် ၂၅ နှစ်ရှိ မော်ဒယ်ရုပ်ရှင်သရုပ်ဆောင် ဘရွတ်ကလင်းဒက်ကာတို့ဟာ လွန်ခဲ့တဲ့ ဧပြီ ၅ ရက်က အရင်းနှီးဆုံး သူငယ်ချင်းတွေ ဖြစ်သွားခဲ့ကြပါတယ်။

သူတို့နှစ်ယောက်ဟာ Battleship လို့ အမည်ရတဲ့ ရုပ်ရှင်ကား ပရိုမိုးရှင်းလုပ်ရင်း အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်ခဲ့ကြတာပါ။ သူတို့နှစ်ဦးဟာ ဩစတြေးလျနိုင်ငံရဲ့ နာမည်ကျော် ဆိပ်ကမ်းဖြစ်တဲ့ ဆစ်ဒနီဆိပ်ကမ်းမှာ ဝမ်းသာဖက်လှဲတကင်း ပွေ့ဖက်နှုတ်ဆက်ခဲ့ကြပါတယ်။ ဒက်ကာကတော့ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ ရီဟန်နား (ဓါတ်ပုံ) ကတော့ ပေါ်တောတောနဲ့ ရယ်စရာကောင်းတဲ့ အရုပ်မလေးတစ်ရုပ်လို စာမျက်နှာ ၁၂ ကော်လံ ၄ ◆

မြန်မာ့အလင်း ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စက်ရုံ ဆော်ဒီအာရေဗျ၌ တည်ဆောက် စာ-၄

ဘာစီလိုနာ ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ ရိုမေးနီးယား တင်းနစ်မယ် ဟာလက် အနိုင်ရ စာ-၁၁

အိန္ဒိယရုပ်ရှင်မင်းသားကြီး အမိတာဘချန်း ဆေးကုသမှု ပြန်လည်ခံယူရမည် စာ-၁၁

နိုင်ငံတကာအားကစား မြင့်မောင်စိုး - ရေးသားသည်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဘိုင်ယန်မြူးနစ်နှင့်မာဆေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြစဉ်။

ဘိုင်ယန်မြူးနစ်ကွင်းမှာ ရီးရဲနိုင်ပါ့မလား

လန်ဒန် ဧပြီ ၁၁

ဘိုင်ယန်မြူးနစ်နဲ့ ရီးရဲမက်ဒရစ်အသင်းတို့ဟာ လာမယ့် ဧပြီ ၁၇ ရက်မှာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ဒီပွဲမှာ ဘိုင်ယန်မြူးနစ်က အိမ်ရှင်အဖြစ်လက်ခံကစားမှာ ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ဖလားကို လေးကြိမ်တိုင် ဆွတ်ခူးခဲ့ဖူးတဲ့အသင်းပါ။ စာမျက်နှာ ၁၂ ကော်လံ ၆ ●

အင်ဒိုနီးရှားနိုင်ငံ၌ ရစ်ချ်တာစကေး ၈ ဒသမ ၇ ရှိ လျှင်လှုပ် ဆူနာမီသတိပေးချက်ထုတ်ပြန်ပြီးနောက် လေးနာရီအကြာ ပြန်လည်ရုပ်သိမ်း

မိုးမြင့်လင်းလက်-ရေးသားသည်

ဂျကာတာ ဧပြီ ၁၁

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် မြောက်ပိုင်း ကမ်းလွန်တွင် ဧပြီ ၁၁ ရက်က ရစ်ချ်တာစကေး ၈ ဒသမ ၇ ရှိ အင်အားပြင်းလျှင်လှုပ်ခဲ့ရာ ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း လျှင်လှုပ်ပြီး လေးနာရီခန့်အကြာတွင် ဆူနာမီသတိပေးချက် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ လျှင်သည် အာချေးပြည်နယ်မြို့တော် ဘင်ဒါအာချေးမြို့မှ ၄၉၅ ကီလိုမီတာခန့်အကွာ ပင်လယ်ကြမ်းပြင်အောက် မိုင် ၂၀ အနက်ကို စာမျက်နှာ ၁၂ ကော်လံ ၄ ■

အင်အားပြင်းလျှင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက်ထွက်ပေါ်ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ ဘင်ဒါအာချေးမြို့၌ ပြည်သူများ ဤသို့ ထိတ်လန့်စွာ ပြေးလွှားခဲ့ကြသည်။

ဆူနာမီသတိပေးချက်ရုပ်သိမ်း

နေပြည်တော် ဧပြီ ၁၁

ယနေ့ ညနေ ၃ နာရီ ၁၂ မိနစ် ၀၂ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၁၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းမြောက်ပိုင်း) ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၈ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီး တစ်ခု လှုပ်ရှားခဲ့သည်။

ယင်းမြေငလျင်ကြီး၏ အင်အားပမာဏသည် ဆူနာမီရေလှိုင်းများ ဖြစ်နိုင်ခြေရှိသည့် အင်အားပမာဏဖြစ်ပြီး အခြားဆူနာမီစောင့်ကြည့်ရေး ဗဟိုဌာနများ၏ သတင်းထုတ်ပြန်ချက်များအရ မြန်မာ့ကမ်းရိုးတန်းသို့ ရောက်ရှိလာနိုင်မည်ကို ခန့်မှန်းထားခဲ့သည်။ သို့ရာတွင် ခန့်မှန်းထားသည့်အချိန်အတွင်း ရောက်ရှိလာခြင်းမရှိဘဲ ထူးခြားမှုမရှိခြင်းကြောင့် ဆူနာမီသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)